ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၆ ရက်၊ ကြာသပတေးနေ့။ Thursday 22 March 2018 ၉၂၃၆

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် နိုင်ငံတော်သမ္မတ ရာထူးက နုတ်ထွက်

နေပြည်တော် မတ် ၂၁

**နိုင်ငံတော်သမ္မတရုံးက မတ် ၂၁ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။ အဆိုပါ သတင်းထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက် အမှတ်၊ ၁/၂၀၁၈**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် လက်ရှိအလုပ်တာဝန်များမှ အနားယူလိုသောကြောင့် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှစ၍ နိုင်ငံတော်သမ္မတရာထူးက နုတ်ထွက်သွားပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ (၇၃)၊ ပုဒ်မခွဲ(ခ)နှင့်အညီ လစ်လပ်သွားသည့် နိုင်ငံတော်သမ္မတရာထူးကို အလုပ်လုပ်ရက် ခုနစ်ရက်အတွင်း ဖြည့်စွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စများတွင် ဩစတြေးလျနိုင်ငံမှ ကူညီပေးနိုင်မှုများ ဆွေးနွေးခဲ့

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩစတြေးလျ ဓနသဟာယနိုင်ငံတွင် အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေးနှင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိခြင်း**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် မတ်လ (၁၇) ရက်နေ့မှ (၁၈) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး တက်ရောက်ခဲ့ပြီး ဩစတြေးလျနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ မဲလ်ကွန် တန်ဘဲလ်၏ ဖိတ်ကြားချက်အရ ဩစတြေးလျ ဓနသဟာယနိုင်ငံသို့ မတ်လ (၁၉) ရက်နေ့မှ (၂၀) ရက်နေ့အထိ တရားဝင်ချစ်ကြည်ရေးခရီးစဉ် ဆက်လက်သွားရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၀၁၈ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့မှ (၁၈) ရက်နေ့ နေ့လယ်ပိုင်းအထိ ဆစ်ဒနီမြို့၌ ကျင်းပခဲ့သည့် အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေးဆိုင်ရာ ဆက်စပ်အစီအစဉ်များ၊ အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးနှင့် အာဆီယံ-ဩစတြေးလျ သီးသန့်အထူးထိပ်သီးအစည်းအဝေးများသို့ အခြားအာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့်အတူ ပါဝင်တက်ရောက်ခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ မော်ရိုကိုနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် မတ် ၂၁**

မော်ရိုကိုနိုင်ငံ၌ ကျင်းပသည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မော်ရိုကိုနိုင်ငံ ကာဆာဘလန်ကာမြို့မှ မတ် ၂၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့အား မော်ရိုကိုနိုင်ငံ ကာဆာဘလန်ကာပြည်နယ် အုပ်ချုပ်ရေးမှူး H. E. Mr. Zitouni၊ မော်ရိုကိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်လွင်နှင့် တာဝန်ရှိသူများက မော်ရိုကိုနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပဉ္စမမြောက် မိုဟာမက် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



**ဒုတိယသမ္မတ ဦးမြင့်ဆွေအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။**



ကြေးမုံ

# ထပ်တူကျမည့် အနုပညာမျှော်လင့်ချက်

ပြည်သူအားလုံး ရင်ခုန်လှုပ်ရှားပြီး မျှော်လင့်စောင့်စားတတ်သောအရာမှာ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် ဘောလုံးအားကစားအောင်မြင်မှုနှင့် ရုပ်ရှင်အကယ်ဒမီထူးချွန်ဆု ဖြစ်သည်။ အဆိုပါ အောင်မြင်ထူးချွန်မှုများကို တစ်ချိန်သောအခါက တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက်ဖြင့် ထိုနေ့ ထိုရက်ကို စောင့်မျှော်ခဲ့ကြပြီး ထိုနေ့ ထိုအချိန်သို့ရောက်လျှင် တိုင်းသူပြည်သားများ တစ်ခဲနက်အားပေးခဲ့ကြသည်။

မကြာမီရက်ပိုင်းတွင် ပြည်သူအများ ရင်ခုန်လှုပ်ရှား မျှော်လင့်စောင့်စားနေကြသည့် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီးကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် Myanmar Event Park တွင် ကျင်းပတော့မည်ဖြစ်ရာ မြန်မာ့ရုပ်ရှင်ချစ်သူများ၊ မြန်မာရုပ်ရှင် အနုပညာရှင်များအား နှစ်သက်သူများက ဆုရမည့် ရုပ်ရှင်ဇာတ်ကားများနှင့် သရုပ်ဆောင်၊ ဇာတ်ပို့၊ ဇာတ်ရုံများ မည်သူရမည်ကို မျှော်လင့်ခန့်မှန်းတွက်ဆနေကြမည်ဖြစ်သည်။

ယခုနှစ် ရုပ်ရှင်ထူးချွန်ဆုသည် ယခင်နှစ်များနှင့်မတူ ဝေဖန်သံများ၊ အားပေးသံများကို ကြားသိနေရသည်။ ရုပ်ရှင်ပရိသတ်အကြိုက်၊ ပရိသတ်မျှော်လင့်ချက်နှင့် အနုပညာရှင်များ၏ အားထုတ်ချက်၊ ဆုရွေးချယ်ရေးအဖွဲ့၏ ဘက်မလိုက်ဘဲ တိကျသည့်အဖြေထုတ်ချက်တို့ ထပ်တူကျ၊ မကျဆိုသည့် အဖြေအတွက် မဖြစ်မနေစောင့်ကြည့်ရမည့် ပွဲတစ်ပွဲဟု ဆိုနိုင်သည်။ ရုပ်ရှင်ထူးချွန်ဆုနှင့်ပတ်သက်၍ မျက်မှောက်ကာလတွင် နှစ်စဉ်နှစ်တိုင်း ဝေဖန်မှုအနည်းအများရှိခဲ့သော်လည်း ယခုနှစ်အဖို့ မြန်မာပေါ်ကားများ ရပ်ဟူသော ဝေဖန်မှုများကြားတွင် ဆုရွေးချယ်ရမည်ဖြစ်၍ အထူးသတိပြုစရာဖြစ်သည်။

မျက်မှောက်ကာလတွင် မြန်မာ့ရုပ်ရှင်လောကမှာ ယခင်ရုပ်ရှင်ခေတ်နှင့်မတူ ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ နည်းပညာ တိုးတက်ပြောင်းလဲဆန်းသစ်လာမှုကြောင့် မြန်မာ့ရုပ်ရှင်ကို တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ကြည့်ရှုနိုင်သည့် မြန်မာရုပ်ရှင်ပရိသတ် လျော့နည်းပျောက်ကွယ်သွားသည်ဆိုသော်လည်း ဇာတ်ကားတစ်ကားကို ပြည်သူလူထုတစ်ရပ်လုံး အပန်းဖြေသက်သက် ကြည့်ရှုခံစားခြင်းဘက်မှ အသေးစိတ်ဝေဖန်ထောက်ပြနိုင်သည့် ရုပ်ရှင်ရုံများဘက်သို့ ရုပ်ရှင်ပရိသတ်များ မရောက်ရောက်အောင် သွားရောက်ကြည့်ရှုလေ့လာနေကြသည်ကို သတိမူရမည် ဖြစ်သည်။

ယခုအခါ မြန်မာ့ရုပ်ရှင်အရည်အသွေး ယခင်ခေတ်ကာလကို မမီသော်ငြားလည်း ၂၀၁၇ ခုနှစ်အတွက် ရုံတင်ထားသည့် ဇာတ်ကားပေါင်း ၅၀ ကျော်ရှိသည်မှာ အခက်အခဲနှင့် လိုအပ်ချက်များစွာထဲမှ ရုန်းကန်ဖောက်ထွက်လာခြင်းဖြစ်၍ အသိအမှတ်ပြုရမည်ဖြစ်သည်။ ဇာတ်ကားပေါင်း ၅၀ ကျော်အတွက် ကိုယ်စီကိုယ်စီ နှစ်သက်ရာအလိုက် အကယ်ဒမီမျှော်မှန်းကြမည်ဖြစ်သော်လည်း ကိုယ်ပိုင်အနုပညာဖန်တီးနိုင်မှု၊ ပြောင်မြောက်စွာ စွမ်းဆောင်နိုင်မှု၊ ရုပ်ရှင်ကြည့်ပရိသတ်အား စွဲမက်စေမှု၊ ရုပ်ရှင်ဇာတ်ကား၏ရည်ရွယ်ချက်နှင့် ပရိသတ်အပေါ်ပေးသည့်အသိ၊ ပရိသတ်အတွက် စေတနာထားဖန်တီးထားသည့် အနုပညာရသမြောက်သော ဇာတ်ကားမျိုးကို ရွေးချယ်ပေးစေလိုမည်ဖြစ်သည်။

အဓိကအချက်မှာ ဇာတ်ကားတစ်ကား၏ ပီပြင်သောသရုပ်ဆောင်ကွက်နှင့် ဇာတ်လမ်း၏အနှစ်သာရကို ပရိသတ်ရင်ထဲတွင် စွဲထင်စူးနစ်ကျန်ရစ်ခဲ့စေချင်သည်။ ရုပ်ရှင်ဇာတ်ကားတစ်ကားသည် ရုပ်ရှင်ကြည့်ပရိသတ်အပေါ် စိတ်အနှောင့်အယှက်မဖြစ်စေရေး၊ အဆိပ်အတောက်မဖြစ်စေရေးမှာလည်း အရေးကြီးသည်။ ယခုအခါ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပေးရန် ရက်ပိုင်းမျှလိုတော့ပေသည်။ ရုပ်ရှင်လောကနှင့် ပရိသတ်အတွက် ထိုက်တန်သောဇာတ်ကားကောင်းများ ရွေးချယ်ပြီးလောက်ပေပြီ။ ရုံတင်ပြသခဲ့သည့် ဇာတ်ကားပေါင်း ၅၀ ကျော်အနက် ထင်ရှားကျော်ကြားပြီး လူသိများသည့် ဇာတ်ကားပေါင်း ၃၀ ခန့် ရှိသည်။

သို့ဖြစ်ရာ ယခုနှစ် ရုပ်ရှင်ထူးချွန်ဆုပေးပွဲသည် ယခင်နှင့်မတူ တစ်မူထူးလိမ့်မည်ဟု မျှော်လင့်ပါသည်။ ပရိသတ်အကြိုက်၊ ပရိသတ်မျှော်လင့်ချက်၊ ရုပ်ရှင်အနုပညာရှင်များ၏ ကြိုးစားအားထုတ်မှု၊ ရသမြောက်အောင် ဖန်တီးနိုင်မှုနှင့် ဆုရွေးချယ်ရေးအဖွဲ့၏ တိကျမှန်ကန်သည့် အဖြေထုတ်မှုအားလုံး ထပ်တူကျလိမ့်မည်ဟု မျှော်လင့်မိပါသည်။ ။

# ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံ၊ ညောင်ဦးဒေသ၏ ပထမဆုံး ပလင်းကမ်းသာယာဆင်စခန်း မတ် ၂၈ ရက်တွင် ဖွင့်မည်

**ညောင်ဦး မတ် ၂၁**

မြန်မာနိုင်ငံ၏ အလယ်ပိုင်းဒေသရှိ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေ ပုဂံဒေသသည် ပြည်တွင်း၊ ပြည်ပအားလုံးက စိတ်ဝင်တစား လာရောက်လည်ပတ်ရာ ဒေသတစ်ခုဖြစ်ပြီး အဆိုပါ နယ်မြေတွင် ပလင်းကမ်းသာယာဆင်စခန်း(သို့) ပုဂံ၊ ညောင်ဦးဒေသ၏ ပထမဆုံးဆင်စခန်းကို မတ် ၂၈ ရက်တွင် ဖွင့်မည်ဖြစ်ကြောင်း သိရသည်။

ပလင်းကမ်းသာယာ ဆင်စခန်းသည် ညောင်ဦး- ပခုက္ကူ- မြင်းခြံလမ်းမကြီး၏ မြောက်ဘက်၊ ညောင်ဦးမှ ငါးမိုင် ငါးဖာလုံ အကွာ ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိသည့် ဆင်စခန်းတစ်ခု ဖြစ်သည်။ အဆိုပါ ဆင်စခန်းကို ညောင်ဦးမှ လာမည်ဆိုပါက ကားမောင်းချိန် ၁၅ မိနစ်သာကြာမည်ဖြစ်ပြီး E bike ဖြင့် လာမည်ဆိုပါက မိနစ် ၂၀ ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြင်းခြံနှင့် ပခုက္ကူဘက်မှ လာမည်ဆိုပါက ဧရာဝတီမြစ်ကူးတံတား (ပခုက္ကူ )မှ ၁၀ မိုင်သာ ကွာဝေးပြီး ကားမောင်းချိန် ၁၅ မိနစ်သာ ကြာမြင့်မည်ဖြစ်သည့်အပြင် ရေကြောင်းမှ လာမည်ဆိုလျှင်လည်း ဧရာဝတီမြစ်ကြောင်းအတိုင်း အပျော်စီးသင်္ဘောများ၊ မော်တော်များဖြင့် အလွယ်တကူ လာရောက်နိုင်ကြောင်း၊ ပလင်းကမ်းသာယာ ဆင်စခန်းတွင် ဝန်တင်ဆင် နှစ်ကောင်၊ ဆင်သားအမိ မိခင်ဆင်မကြီးနှင့် ဆင်ကလေး



တစ်ကောင် စုစုပေါင်း လေးကောင်ရှိပြီး လာရောက်လည်ပတ်သူ ဧည့်သည်များအနေဖြင့် ဆင်များကို ကိုယ်တိုင် ထိတွေ့ကိုင်တွယ်နိုင်ခြင်း၊ ဆင်နှင့်ပတ်သက်သည့် ဗဟုသုတများ လေ့လာသိရှိနိုင်ခြင်း၊ ဆင်စာကျွေးနိုင်ခြင်း၊ ဧရာဝတီမြစ်ကမ်းတစ်လျှောက် မြစ်ဧရာ၏ အလှကိုခံစားရင်း ဆင်စီးနိုင်ခြင်း၊ နံနက်နှင့် ညနေအချိန်များတွင် ဆင်များကို မြစ်ရေအတွင်း ကိုယ်တိုင်ရေချ (ရေချိုး) ပေးနိုင်ခြင်းတို့ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ ညောင်ဦး ဖောင်ဖွဲ့ရေးနယ် တာဝန်ခံ ဦးမျိုးမင်းကို က ပြောကြားသည်။

ဆင်စီးရင်း မြစ်ကမ်းဘေးတစ်လျှောက်ရှိ ရှုခင်းများကို တွေ့မြင်ကြည့်ရှုနိုင်သကဲ့သို့ မြစ်ကမ်းဘေးယာခင်း၊ ကိုင်းခင်းများကြားမှတစ်ဆင့် သဘာဝအလှအပများ ခံစားရင်း အသွား၊ အပြန်ခရီး ငါးဖာလုံခန့်ကို မိနစ် နှစ်ဆယ်ကြာ ဆင်စီးနိုင်မည်ဖြစ်ကြောင်း သိရသည်။ လာရောက်လည်ပတ်သူများအနေဖြင့် ကုန်းပေါ်တွင်သာမက ရေပေါ်တွင်လည်း အပန်းဖြေအနားယူနိုင်မည် ဖြစ်ပြီး နေဝင်ချိန်အလှကို ခံစားကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆင်စခန်းဝင်ကြေးမှာ ပြည်တွင်းခရီးသွားများအတွက် တစ်ဦးလျှင် ကျပ် တစ်ထောင်၊ ပြည်ပ ခရီးသွားများအတွက် တစ်ဦးလျှင် ကျပ် နှစ်သောင်း (ဆင်စီးခအပါအဝင်)ဖြစ်ပြီး ဆင်စီးခမှာ ပြည်တွင်း တစ်ဦးကို ငါးထောင်ကျပ် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကြည်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၂၁**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၈၅၀၀ | - | ၉၃၈၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၈၅၀၀ | - | ၉၃၈၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၅/၈၀၅ ကျပ်၊ | ၈၂၀/၈၃၅ ကျပ် |
| ( ခ ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၁၅/၈၂၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| ( ဂ ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၆၅/၇၇၅ ကျပ်၊ | ၈၃၀/၈၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၂၀ ကျပ်၊ | ၈၃၅/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၀/၇၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၇/၇၅၇ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၀၀/၇၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၈. ၀ |
| ( ခ ) | ဥရောပ | တစ်ယူရို | = | ၁၆၄၀. ၁ |
| ( ဂ ) | တရုတ် | တစ်ယွမ် | = | ၂၁၁. ၂၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၈၇၁ |
| ( င ) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၁. ၁၁ |
| ( စ ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၅၀၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၆. ၆ |
| ( ဇ ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၈၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၉. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၄. ၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲ ကျင်းပ

**မိုးညှင်း မတ် ၂၁**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို မတ် ၂၀ ရက်က မိုးညှင်းမြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

မီးငြိမ်းသတ်နည်း သရုပ်ပြပွဲတွင် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဟိန်းမင်းထိုက်က မီးလောင်မှုဖြစ်ပွားရခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်နည်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး၊ အဝတ်စိုတို့ဖြင့် မီးငြိမ်းသတ်ပုံများကို လက်တွေ့သရုပ်ပြသကြသည်။

အဆိုပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို မိုးညှင်းခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မင်းမြင့်မိုရ်(ငါန်းငွန်)**



မတ် ၂၀ ရက်က ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု စက်ကုန်းကျေးရွာတွင် ရွှေတွင်းကုန်းမြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး အောင်ကျော်ဦးနှင့်အဖွဲ့က ကျေးရွာသူ ကျေးရွာသားများအား သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး မှုခင်းအသိပညာပေးဟောပြောစဉ်။ **ခွန်းဆက်နေ**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

❂ ရှေ့ဖုံးမှ

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များနှင့် ရခိုင်ပြည်နယ်ကိစ္စအပါအဝင် စိန်ခေါ်မှုများ၏ သိမ်မွေ့နက်နဲမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါစိန်ခေါ်မှုများ ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏ ဦးဆောင်ကြိုးပမ်းအားထုတ်မှု လုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စများတွင် အပြုသဘောပါဝင်ကူညီပံ့ပိုးကြရန် ဆွေးနွေးပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံပေါင်းစည်းမှုလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချနိုင်ရန်သာမက စိန်ခေါ်မှုများကို ရှုမြင်သည့် သဘောထားအမြင်ချင်း ကွာဟမှုများ ကျဉ်းမြောင်းစေရန်လည်း လိုအပ်ကြောင်း၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်နေကြသူများအနေဖြင့် မိမိတို့ကိုယ်တိုင်လည်း ဦးစွာ ငြိမ်းချမ်းမှုရှိရန်နှင့် ဒေါသအမုန်းတရားနှင့် အကြောက်တရား စသည့် စိတ်ခံစားချက်များကို ထိန်းချုပ်ရန် လိုအပ်ကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မတူညီသည့် အသိုက်အဝန်းများအကြား ကွဲပြားမှုကိုဖြစ်စေမည့် အပြုသဘောမဆောင်သည့် စိတ်ခံစားချက်များကို ထိန်းချုပ်ကိုင်တွယ်ဆောင်ရွက်ကြရန်လိုအပ်ပြီး အာဆီယံအဖွဲ့ကြီး၏ စည်းလုံးညီညွတ်မှု၊ တူညီဆန္ဒဖြင့် ဆောင်ရွက်မှု၊ အဖွဲ့ဝင်များအကြား အပြန်အလှန်လေးစားမှုတို့ကိုလည်း ထိန်းသိမ်းမြှင့်တင်သွားရန် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့သည်။

အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေးတွင် အာဆီယံအဖွဲ့ကြီးနှင့် ဩစတြေးလျနိုင်ငံတို့အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ (MOU on Cooperation in Counter-Terrorism) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး အာဆီယံအဖွဲ့ကြီးနှင့် ဩစတြေးလျနိုင်ငံတို့အကြား ဒေသတွင်းလုံခြုံရေး၊ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဖက်ပြည်သူများအကြား ပိုမိုထိတွေ့ဆက်ဆံရေး မဏ္ဍိုင်ကြီး (၃)ရပ်အောက်တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ဆစ်ဒနီကြေညာချက် (Sydney Declaration) ကို ထုတ်ပြန်နိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩစတြေးလျ ဝန်ကြီးချုပ် The Hon. Malcolm Turnbull ၏ ဖိတ်ကြားချက်အရ ဩစတြေးလျနိုင်ငံတွင် တရားဝင်ချစ်ကြည်ရေး ခရီးစဉ်သွားရောက်ရန်အတွက် ၁၈-၃-၂၀၁၈ ရက်နေ့ ညနေပိုင်းတွင် ကင်ဘာရာမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၁၉-၃-၂၀၁၈ ရက် နံနက်ပိုင်းတွင် ဩစတြေးလျ ဝန်ကြီးချုပ် The Hon. Malcolm Turnbull မှ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဩစတြေးလျဝန်ကြီးချုပ်နှင့် နှစ်နိုင်ငံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ဆက်ဆံရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ ပညာရေးကဏ္ဍအပါအဝင် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စတွင် ဩစတြေးလျနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့်အလားအလာများကို ဆွေးနွေးခဲ့ကြသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဩစတြေးလျအတိုက်အခံ လေဘာပါတီခေါင်းဆောင် Mr. Bill Shorten ကိုလည်း လက်ခံတွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် National Arboretum တွင် ဩစတြေးလျနိုင်ငံ ချစ်ကြည်ရေးခရီးစဉ် အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပေးခဲ့ပြီး နေ့လယ်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဩစတြေးလျနိုင်ငံရှိ မြန်မာအသိုက်အဝန်းနှင့် Albert Hall တွင် ခင်မင်ရင်းနှီးစွာ တွေ့ဆုံခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဩစတြေးလျနိုင်ငံ တရားဝင် ချစ်ကြည်ရေးခရီးစဉ်၏ အဓိကအစီအစဉ်များကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ သို့သော် ခရီးဝေး လေယာဉ်ခရီးစဉ်၊ သဘော်ခရီးစဉ်များ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဩစတြေးလျမနေသဟာယနိုင်ငံ ဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်တို့ မတ် ၁၉ ရက်က ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ တွေ့ဆုံစဉ်။

ကြောင့် မူးဝေမှုခံစားခဲ့ရသည့်အပြင် မြန်မာနိုင်ငံသို့ အပြန်ခရီးစဉ်အတွက် အနားယူရန်လိုအပ်သဖြင့် တွေ့ဆုံမှုအစီအစဉ်အချို့ကို ဖျက်သိမ်းခဲ့ရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မတ်လ ၂၀ ရက်နေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်။**



# ရေနံဓာတ်ငွေ့ရည် တင်သွင်းရောင်းချခြင်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၂၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် LPG လုပ်ငန်းရှင်များသည် ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင် သယ်ယူ ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက LPG ကို ကျေးလက်နေပြည်သူများအထိ တွင်တွင်ကျယ်ကျယ် သုံးစွဲလာနိုင်စေရေးနှင့် ထိုသို့သုံးစွဲခြင်းဖြင့် ထင်း၊ မီးသွေးသုံးစွဲမှုကို လျှော့ချနိုင်ရန်နှင့် ပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုရေးအဆင့်အတန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန်ရည်ရွယ်၍ LPG လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပထမအဆင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် အိမ်ထောင်စုတစ်သိန်းခွဲကို လည်းကောင်း၊ ဒုတိယအဆင့် ၂၀၂၀ ခုနှစ်တွင် အိမ်ထောင်စုတစ်သန်းကို လည်းကောင်း LPG ဖြန့်ဖြူးရန် ရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် LPG နှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် LPG Market ကို ချဲ့ထွင်သွားနိုင်မည့် အခြေအနေများစွာရှိကြောင်း၊ LPG Industry အနေဖြင့် ရေတိုသာမက ရေရှည်အကျိုးစီးပွားကို မျှော်မှန်း၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြစေလိုကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကတို့ ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်မည်ဆိုလျှင် မကြာမီအချိန်အတွင်း မြန်မာနိုင်ငံ၏ LPG လုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပြည်တွင်း LPG လုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီ ၂၇ ခုမှ တာဝန်ရှိသူများ စုစုပေါင်း ၆၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၂၁**

(၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ(၂၀၁၈)နှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် ခေါင်းဆောင်များအစည်းအဝေးပွဲ ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံတက္ကသိုလ်များ အားကစားကောင်စီဥက္ကဋ္ဌ Prof. Dr. Mohd Said က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ တက္ကသိုလ်များ အားကစားအဖွဲ့ဥက္ကဋ္ဌ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ(၂၀၁၈) အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အားကစားအမျိုးအစားများကို ပြိုင်ပွဲဝင်အသင်းအရေအတွက် ပြည့်မီမှုသာ ထည့်သွင်းကျင်းပရေး၊ ပါဝင်ယှဉ်ပြိုင်မည့် အားကစားအမျိုးအစားများကို သတ်မှတ်ချိန်အတွင်း စာရင်းပေးပို့နိုင်ရေး၊ အားကစားသမားများ၏ ကျန်းမာရေးဆေးစစ်ချက်ကို သတ်မှတ်နေရာတွင် ဆောင်ရွက်ရေးများနှင့် အိမ်ရှင်နိုင်ငံမှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို တက်ရောက်လာကြသူများက အကြံပြုညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးပွဲအပြီးတွင် တက်ရောက်လာသူများက သက်ဆိုင်ရာအားကစားနည်းအလိုက် ပြိုင်ပွဲကျင်းပမည့်နေရာများ၊ အားကစားသမား တည်းခိုဆောင်များနှင့် လေ့ကျင့်ရေးစခန်းများကို လိုက်လံကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဆော်ဒီအာရေဗျသို့ စစ်လက်နက်ပစ္စည်းများရောင်းချပေးမှု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ထုတ်ဖော်ချီးကျူး

**ဝါရှင်တန် မတ် ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား မိုဟာမက်ဘင် ဆယ်လ်မန်နှင့် မတ် ၂၀ ရက်က အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးသည်။ သမ္မတထရန့်သည် တန်ခိုးအာဏာကြီးထွားသော အိမ်ရှေ့မင်းသား မိုဟာမက်၏ ဆော်ဒီအာရေဗျနိုင်ငံသို့ စစ်လက်နက်ပစ္စည်းများ တင်ပို့ရောင်းချခြင်းနှင့် ပတ်သက်၍ ချီးကျူးပြောဆိုကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံသို့ ကာကွယ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ရောင်းချနိုင်ခြင်းဖြင့် အမေရိကန်၌ အလုပ်အကိုင်နေရာများ ဖန်တီးပေးနိုင်သည်ဟု သမ္မတထရန့်က ပြောဆိုကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အိမ်ရှေ့မင်းသား မိုဟာမက်သည် လွန်ခဲ့သည့်နှစ်က နန်းမွေနန်းလျာဆက်ခံမည့် ပုဂ္ဂိုလ်ဖြစ်လာခဲ့ပြီးချိန်နောက်ပိုင်း အမေရိကန်ပြည်ထောင်စုသို့ လာရောက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

သမ္မတထရန့်နှင့် အိမ်ရှေ့မင်းသား မိုဟာမက်တို့ တွေ့ဆုံဆွေးနွေးကြရာတွင် နှစ်နိုင်ငံ ဆက်ဆံရေးဆိုင်ရာ တိုးတက်မှုရှိနေပုံကို နှစ်ဦးလုံးက အသိအမှတ်ပြု ပြောဆိုကြသည်။

ဆော်ဒီအိမ်ရှေ့မင်းသားသည် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်တစ်ရပ်အရ တော်ဝင်ဆွေတော်မျိုးတော် အများအပြားကို အရေးယူဆောင်ရွက်ခဲ့ခြင်းနှင့် ပတ်သက်၍ သမ္မတထရန့်က ထောက်ခံပြောဆိုသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အလွန်ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မိမိတို့၏ နိုင်ငံတွင် အလုပ်အကိုင်နေရာများ ဖန်တီးပေးခြင်းဖြင့် ယင်းနိုင်ငံ၏ ဓနဥစ္စာအချို့ မိမိတို့ထံရောက်ရှိလာမည်ဟု မျှော်လင့်မိကြောင်း၊ အမေရိကန်သည် ကမ္ဘာပေါ်တွင် အရည်အသွေး အမြင့်ဆုံး စစ်လက်နက် ပစ္စည်းများထုတ်လုပ်နေပြီး ဆော်ဒီအာရေဗျနိုင်ငံသို့ ရောင်းချပေးလျက်ရှိကြောင်း သမ္မတထရန့်က ဆော်ဒီ အိမ်ရှေ့မင်းသားနှင့် တွေ့ဆုံဆွေးနွေးခြင်း မရှိမီ သတင်းထောက်များအား ပြောကြားသည်။

စစ်ဘက်သုံးပစ္စည်းများကို ဆော်ဒီအာရေဗျသို့ ရောင်းချခြင်းဖြင့် မိမိတို့နိုင်ငံ၌ အလုပ်အကိုင်နေရာ ၄၀၀၀၀ အထိ ဖန်တီးပေးနိုင်ခဲ့ကြောင်း သမ္မတထရန့်က ပြောကြားသည်။

**ဆင်ဟွာ**






# ဆီးရီးယားရှိ ဓာတ်ပေါင်းဖိုစက်ရုံအဖြစ် မသင်္ကာရသည့်နေရာကို အစ္စရေးတိုက်ခိုက်ခဲ့ဟု ဝန်ခံ

**ဂျေရုဆလင် မတ် ၂၁**

အစ္စရေးနိုင်ငံသည် ၂၀၀၇ ခုနှစ်က ဆီးရီးယားနိုင်ငံရှိ နျူကလီးယားဓာတ်ပေါင်းဖိုအဖြစ် မသင်္ကာရသည့်နေရာတစ်နေရာကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု မတ် ၂၁ ရက်တွင် ပထမဆုံးအကြိမ် ထုတ်ဖော်ဝန်ခံလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆီးရီးယားနိုင်ငံအရှေ့ပိုင်း ဒိုင်ယာအယ်လ်ဇော မြို့အနီးရှိ အယ်လ်ကူဘာ စက်ရုံကို ၂၀၀၇ ခုနှစ် စက်တင်ဘာ ၆ ရက်က အစ္စရေးလေတပ်က လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းနှင့် ပတ်သက်နေသော ဗီဒီယိုမှတ်တမ်းဖိုင်၊ ဓာတ်ပုံများနှင့် ထောက်လှမ်းရေးဆိုင်ရာ စာလွှာစာတမ်းများကို အစ္စရေးစစ်ဘက်က လျှို့ဝှက်အဆင့်မှ ပယ်ဖျက်ကာ မတ် ၂၁ ရက်တွင် အများပြည်သူသိရှိအောင် ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

အဆိုပါ ဓာတ်ပေါင်းဖို စက်ရုံမှာ တည်ဆောက်နေဆဲအဆင့်တွင် ရှိနေကြောင်း၊ စက်ရုံလည်ပတ်နိုင်ရန် လပေါင်းအတန်ကြာလိုသေးပြီး ယင်းသို့ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခြင်းဖြင့် အီရန်နိုင်ငံအား နျူကလီးယားလက်နက်သုတေသနပြု ထုတ်လုပ်ခြင်းကို လက်ခံနိုင်မည်မဟုတ်ဟု အစ္စရေးက အီရန်နိုင်ငံအား သတိပေးရာရောက်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ပီတီအိုင်**

# နိုင်ဂျီးရီးယားမြောက်ပိုင်းရှိ စစ်ဘက်စစ်ဆေးရေးစခန်းအား သေနတ်သမားများတိုက်ခိုက်၊ စစ်သား ၁၁ ဦး သေဆုံး

**လာဂို့စ် မတ် ၂၁**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကာဒူနာပြည်နယ်ရှိ စစ်ဘက်စစ်ဆေးရေးစခန်းတစ်ခုကို အမျိုးအမည် ခွဲခြားသိရှိခြင်းမရှိသည့် သေနတ်သမားများက မတ် ၂၀ ရက် နှောင်းပိုင်းတွင် တိုက်ခိုက်ခဲ့ရာ နိုင်ဂျီးရီးယားစစ်သည် ၁၁ ဦး သေဆုံးသွားကြောင်း လုံခြုံရေး သတင်းရင်းမြစ်က ဆင်ဟွာသတင်းဌာနသို့ မတ် ၂၁ ရက်တွင် ပြောကြားသည်။

ကာဒူနာပြည်နယ်တွင်းရှိ ဘီဟာနင်ဂွာရီဒေသတွင် ဖြစ်ပွားခဲ့သော အဆိုပါတိုက်ခိုက်မှုသည် လုပ်ကြံသတ်ဖြတ်ခံရသော ဂိုဏ်းခေါင်းဆောင် ဘူဟာရင်ဒါဂျီအား သစ္စာခံသည်ဟု သံသယရှိသည့် လက်နက်ကိုင် သေနတ်သမားများက လက်စားချေ တိုက်ခိုက်မှုဖြစ်ဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့်စစ်သားများ၏ ရုပ်အလောင်းများကို ရင်ခွဲရုံတွင် စုပုံထားကြောင်း၊ မာဂန်ဒါခရိုင်တွင် ယင်းနေ့အစောပိုင်းက ဂိုဏ်းခေါင်းဆောင် ဒါဂျီသေဆုံးရမှုကို လက်တုံ့ပြန်သည့်အနေဖြင့် သေနတ်သမားများက တိုက်ခိုက်ခဲ့ရာတွင် စေတနာ့ဝန်ထမ်းလုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦးတို့ အပြင်းအထန်ဒဏ်ရာရခဲ့သည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ နိုင်ဂျီးရီးယားစစ်ဘက်က တရားဝင် အတည်ပြုခြင်း မရှိပေ။ **ဆင်ဟွာ**




# အမေရိကန်-ရုရှား ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ဖွယ်ရှိကြောင်း သမ္မတထရန့်ဆို

**ဝါရှင်တန် မတ် ၂၁**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံကာ နှစ်နိုင်ငံလက်နက် အားပြိုင်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ဖွယ်ရှိကြောင်း သမ္မတဒေါ်နယ်ထရန့်က ယနေ့ ပြောကြားခဲ့သည်။

မတ် ၂၀ ရက်တွင် သမ္မတထရန့်က သမ္မတရွေးကောက်ပွဲတွင် ပြည်သူများ၏ ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည့်အတွက် လွန်စွာဝမ်းသာပါကြောင်း သမ္မတပူတင်အား တယ်လီဖုန်းမှတစ်ဆင့် ပြောကြားကာ ချီးကျူးထောမနာပြုခဲ့သည်။ ထို့နောက် သမ္မတနှစ်ဦးတို့သည် မြောက်ကိုရီးယားအရေးနှင့် ဆီးရီးယားနိုင်ငံအရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မကြာသေးမီအချိန်တွင် တွေ့ဆုံဆွေးနွေးမည့် နှစ်နိုင်ငံအစည်းအဝေးသည် နှစ်နိုင်ငံစလုံးအတွက် လွန်စွာ အကျိုးကျေးဇူးပြုမည့် အစည်းအဝေးတစ်ရပ်ဖြစ်မည်ဖြစ်ကြောင်း အိမ်ဖြူတော်၌ သမ္မတထရန့်က မီဒီယာများသို့ ပြောကြားခဲ့သည်။

ယခုအချိန်တွင် အမေရိကန်-ရုရှားထိပ်သီးအစည်းအဝေးပွဲ ကျင်းပရန် တိကျစွာရေးဆွဲထားသည့် စီစဉ်မှုများ မရှိသေးကြောင်းနှင့် အကယ်၍ ခေါင်းဆောင်နှစ်ဦး တွေ့ဆုံမည်ဆိုပါက နှစ်ဦးစလုံးအနေဖြင့် တင်းမာမှုများကို လျှော့ချရန် လွန်စွာအရေးကြီးကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆာရာ ဆန်ဒါးစ်က ဆိုသည်။

ရီပတ်ဘလစ်ကန် လွှတ်တော်အမတ် ဂျွန် မက်စ်ကိန်းက ရုရှားသမ္မတရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် အမေရိကန်သမ္မတ ထရန့်၏ ချီးကျူးစကားပြောဆိုမှုကို ခါးသီးစွာ ရှုတ်ချခဲ့သည်။ ဟန်ပြရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် အာဏာရှင်များအား အမေရိကန်သမ္မတတစ်ယောက်က ချီးကျူးစကားပြောကြားရန် မလိုအပ်ကြောင်း သူ၏ ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ထည့်သွင်းရေးသားထားသည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြု

**နေပြည်တော် မတ် ၂၁**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ရက်(၃၀)မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နုတ်ထွက်သည့် အကြောင်းကြားစာကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဖတ်ကြားတင်ပြပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လစ်လပ်သွားသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာအား ရွေးချယ်တင်မြှောက်ခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးတင်ပြသည်။

အစည်းအဝေးတွင် လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၏ **လင်းခေးမြို့နယ်ရှိ ယခင်အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗာဂျီးနီးယားဆေးလုပ်ငန်း ဆောင်ရွက်ခဲ့သော မြေနေရာ၊ အဆောက်အအုံများအား မြို့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ရန်နှင့် မူလပိုင်ရှင်များသို့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ရှမ်းပြည်နယ် လင်းခေးခရိုင် လင်းခေးမြို့နယ်အတွင်းတွင် ဗာဂျီးနီးယားဆေးပေါင်းစခန်း ၁၄ ခုရှိပြီး စုစုပေါင်း ဧရိယာမှာ ၁၆ ဒသမ ၁၂၇ ဧက၊ မြေတန်ဖိုးငွေကျပ် ၁၆ ဒသမ ၇၉၇ သန်း၊ အဆောက်အအုံတန်ဖိုးငွေကျပ် ၂၂၇ ဒသမ ၁၆၆ သန်း ဖြစ်၍ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၄၃ ဒသမ ၉၆၃ သန်းအား ယခင်အမှတ်(၁) စက်မှုဝန်ကြီးဌာနသို့ ပေးချေပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ရာနှုန်းပြည့်ထောက်မထားသော မြဝတီထရေးဒင်းလီမိတက်အနေဖြင့် အဆိုပါမြေများအား သိမ်းယူခြင်း မဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်မှ တရားဝင်ဝယ်ယူထားခဲ့ပြီး ကျသင့်ငွေတန်ဖိုးငွေများကိုလည်း ယခင်အမှတ် (၁) စက်မှုဝန်ကြီးဌာနသို့ အကျေပေးချေခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း ဗာဂျီးနီးယားဆေးလုပ်ငန်းစက်ရုံ ကြီးကြပ်မှုအောက်၌ မန္တလေးကုန်ထုတ်ဌာနခွဲ လင်းခေးဌာနစုအောက်ရှိ ဗာဂျီးနီယားဆေးပေါင်းစခန်းများနှင့် မြေနေရာအား ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ကျသင့်တန်ဖိုးငွေများ ပေးချေဝယ်ယူထားရှိပြီးဖြစ်သည့်အတွက် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၏ **လတ်တလောရပ်ဆိုင်းထားသော အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) တိုးချဲ့စီမံကိန်းအား ဆက်လက်ဆောင်ရွက်ရန် အစီအမံများရေးဆွဲထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက စက်မှုဝန်ကြီးဌာနအနေဖြင့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်း ပြီးစီးအောင်ဆောင်ရွက်ရမည့် Master Plan ကို ရေးဆွဲထားပြီးဖြစ်၍ စီးပွားဖြစ် ထုတ်လုပ်မည့် လက်တွေ့ကျသော အစီအမံများအား Special Task Force Team ဖွဲ့စည်း၍ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ပြန်လည်သုံးသပ်နေဆဲကာလဖြစ်ပါ၍ ပကတိအခြေအနေကို မှန်ကန်စွာ သုံးသပ်နိုင်ရန်တင်ပြပါကြောင်း ရှင်းလင်းဖြေကြားသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ
ဒေါက်တာဝင်းသိမ်း



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်

ယင်းနောက် ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ **ခေါင်လန်ဖူးမြို့ရှိ ဌာနဆိုင်ရာ ရုံးများ ဝန်ထမ်းများအဆင်ပြေစေရန်နှင့် ရုံးပိုင်းဆိုင်ရာလုပ်ငန်းများ လွယ်ကူလျင်မြန်စေရန် ပူတာအိုမှ စာရင်းစစ်ဝန်ထမ်းများအား ခေါင်လန်ဖူးမြို့သို့ စေလွှတ်ပြီး ဌာနဆိုင်ရာရုံးများကို စာရင်းစစ်ဆေးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ခေါင်လန်ဖူးမြို့သည် ပူတာအိုမြို့မှ (၁၃၂) မိုင်ခန့်ကွာဝေးပြီး မိုးရာသီကုန်ဆုံးချိန်တွင် ပူတာအိုမှ နောင်မွန်းမြို့သို့ မော်တော်ယာဉ်ဖြင့်သွားနိုင်ပြီး နောင်မွန်းမြို့မှ ခေါင်လန်ဖူးမြို့သို့ ခြေကျင်ခရီးဖြင့် ရှစ်ရက်ခန့်သွားရပါကြောင်း၊ ပူတာအိုခရိုင်စာရင်းစစ်ရုံးမှ ဝန်ထမ်းများ ခေါင်လန်ဖူးမြို့သို့ သွားရောက်စစ်ဆေးရန်အတွက် ကျန်းမာရေးကောင်းမွန်သည့် အမျိုးသားဝန်ထမ်းများ လိုအပ်ပါကြောင်း၊ ပူတာအိုခရိုင် စာရင်းစစ်ရုံးတွင် ခန့်ထားပြီး စစ်ဆေးရေးဝန်ထမ်း ၁၆ ဦး ရှိပါကြောင်း၊ ထိုစစ်ဆေးရေးဝန်ထမ်း ၁၆ ဦးတွင် လက်ထောက်ညွှန်ကြားရေးမှူး တစ်ဦး၊ စာရင်းစစ်(၁) လေးဦးနှင့် စာရင်းစစ်(၃) ခြောက်ဦးတို့ဖြစ်ပြီး စာရင်းစစ်(၃) ငါးဦးသာ အမျိုးသားဝန်ထမ်းများဖြစ်ပါကြောင်း။

စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့၏ ဖွဲ့စည်းမှုပုံစံမှာ အဖွဲ့ခေါင်းဆောင်အဖြစ် စာရင်းစစ်(၁)နှင့် အဖွဲ့ဝင်အဖြစ် စာရင်းစစ်(၃) နှစ်ဦးပါဝင်ရပါကြောင်း၊ ယခုအခြေအနေတွင် ပူတာအိုခရိုင် စာရင်းစစ်ရုံး၌ တာဝန်ပေးအပ်ရမည့် စာရင်းစစ်(၁) ဝန်ထမ်းများတွင် အမျိုးသားဝန်ထမ်းမရှိသေးပါကြောင်း၊ ထို့ကြောင့် အမျိုးသမီးဝန်ထမ်းအများစုဖြင့် ဖွဲ့စည်းထားသောရုံးဖြစ်၍ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမှု၊ ရာသီဥတုအခြေအနေနှင့် အမျိုးသား၊ အမျိုးသမီး ဝန်ထမ်းဖွဲ့စည်းမှုအပေါ် မူတည်၍ နှစ်နှစ်တစ်ကြိမ် သို့မဟုတ် ရံဖန်ရံခါသာ စေလွှတ်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်နှင့် မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့က ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော "နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စက်ခလုတ်နှိပ်၍ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၂၆၃မဲ၊ ကန့်ကွက်မဲ ၁၃၂ မဲနှင့် ကြားနေမဲ နှစ်မဲဖြစ်၍ ထောက်ခံမဲများသဖြင့် ဥပဒေကြမ်းကော်မတီ၏တင်ပြချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုထားသည့် အချက်(၇)ချက်အား ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက အဆိုပါအချက်(၇)ချက်အား အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၉)ချက်ကို ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဆိုပါပြင်ဆင်ချက်(၉)ချက်အား လွှတ်တော်၏သဘောထားရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်း တစ်ရပ်လုံးအား အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် အတည်ပြုကြောင်းကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့ကို မတ် ၂၂ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသူဟိန်း(သတင်းစဉ်)**

# ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် မတ် ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က အမှာစကားပြောကြားပြီး နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director Mr. Yuji Mori က နားလည်မှုစာချွန်လွှာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးနှင့် နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director Mr. Yuji Mori တို့က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့သည် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ဝန်ကြီးဌာနရှိဝန်ထမ်းများအား ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေး သင်တန်းများဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နှစ်နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၆ သန်းဖြင့် သင်တန်းများဖွင့်လှစ်ရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နုတ်ထွက်သည့် အကြောင်းကြားစာကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြ

**နေပြည်တော် မတ် ၂၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ရက်(၃၀) မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့် နုတ်ထွက်သည့် အကြောင်းကြားစာကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဖတ်ကြားတင်ပြသည်။

ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့် တာမွေမဲဆန္ဒနယ်မှ လွှတ်တော်ဥက္ကဋ္ဌတာဝန်မှ နုတ်ထွက်ကြောင်း ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက် ရက်စွဲဖြင့် လက်မှတ်ရေးထိုးတင်ပြလာပါကြောင်း၊ သို့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်၊ ရက်စွဲ၊ ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက်၊ အကြောင်းအရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခြင်း၊ ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက်မှစ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ကြောင်း အကြောင်းကြားပါသည်။ ပုံ ဝင်းမြင့် တာမွေမဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး၊ မိတ္တူကို ညွှန်ကြားရေးမှူးချုပ် ပြည်သူ့လွှတ်တော်ရုံးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လစ်လပ်သွားသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာ ရွေးချယ်တင်မြှောက်ခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဟု အသိပေးကြေညာပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

○ **ကျောဖုံးမှ**

၂၂-၈-၂၀၁၆ ခုနှစ်က စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး စီမံကိန်းပြီးစီးမယ့်နေ့မှာ ဒီလကုန်လောက် ခန့်မှန်းထားပါတယ်၊ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီရှိပြီး ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ပါတယ်၊ တံတားအကျယ် ပေ ၃၀ ဖြစ်ပြီး ရေလမ်းကင်းလွတ်အကျယ်မှာ ၈၆ ပေနဲ့ ရေလမ်းကင်းလွတ်အမြင့် ကိုးပေရှိပါတယ်၊ တံတားတည်ဆောက်တဲ့နေရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲကတော့ လုပ်ငန်းခွင်နဲ့ဆက်စပ်တဲ့ပစ္စည်းတွေ သယ်ယူပို့ဆောင်ရာမှာ အခက်အခဲတွေရှိခဲ့ပါတယ်၊ နောက်အခက်အခဲ တစ်ခုကတော့ ရေလယ်တိုင်အမှတ် P2 နဲ့ P3 ဖောင်ဒေးရှင်းတူးတဲ့အခါမှာလည်း တစ်တွင်းတစ်တွင်းကို ခုနစ်ရက်လောက် ဖောက်ခဲ့ရပါတယ်၊ အဲဒီအခက်အခဲတွေကို ကျွန်တော်တို့အလုပ်သမားတွေနဲ့ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ခဲ့ရတာ ဖြစ်ပါတယ်။

"ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင် ကားလမ်းပေါ်မှာ တည်ဆောက်နေတဲ့ တံတားလေးစင်းရှိပါတယ်။ စိုင်းဒင် တံတားပေ ၆၀၀၊ ရွာဟောင်းချောင်းတံတားပေ ၂၈၀၊ ငစံပေါ်တံတားပေ ၂၁၀၊ သောင်းဒရားချောင်းတံတားပေ ၅၀၀၊ ရသေ့တောင်တံတား ပေ ၈၈၀ တို့ ဖြစ်ပါတယ်၊ ရွာဟောင်းတံတား အမျိုးအစားက စတီးပိုက်နဲ့ဘေလီတံတားဖြစ်ပါတယ်၊ ငစံပေါ်တံတားအမျိုးအစားက စတီးပိုက်နဲ့ဘေလီတံတား ဖြစ်ပါတယ်၊ သောင်းဒရားချောင်းတံတားအမျိုးအစားက steel plate Girder+ သံကူကွန်ကရစ်တံတားဖြစ်ပါတယ်၊ စိုင်းဒင်တံတားရဲ့ ပြီးစီးမှုအခြေအနေက ၉၆ ရာခိုင်နှုန်းပြီးစီးနေပါပြီ"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၇)မှ (ဦးစီးအရာရှိ မြို့ပြ) ဦးဝေမြင့်သူက ပြောသည်။

အဆိုပါ တံတားငါးစင်း ဖွင့်လှစ်ပြီးသည်နှင့် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်အထိ ကားလမ်းတစ်ဆက်တည်းသွားလာနိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် ရန်ကုန်-စစ်တွေကားလမ်းမကြီးနှင့် ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း၊ ယခင်က အဆိုပါလမ်းသည် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ရေလမ်းကိုသာ အဓိကထား သွားလာနေရကြောင်း၊ ယခုအခါတွင် တံတားငါးစင်းဖွင့်လှစ်ပြီးသည်နှင့် ရေလမ်းကြောင်းနှင့် ကုန်းလမ်းကြောင်း နှစ်ခုစလုံးကို အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် ဒေသခံများ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုလုပ်ငန်းများ လွယ်ကူမြန်ဆန်စေမည်ဖြစ်ကြောင်း သိရသည်။

မောင်တောဒေသအတွင်းရှိ မြို့ရွာများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်နှင့် ပြည်သူများ ခရီးသွားလာမှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားများ တည်ဆောက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဘူးသီးတောင်မြို့နယ်မှ ရသေ့တောင်မြို့နယ်အတွင်း တည်ဆောက်လျက်ရှိသော ပေ ၅၀ နှင့်အထက် တံတားငါးစင်းအား မတ်လကုန်တွင် တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ ကျော်သူဝင်း၊ အေးမင်းသူ**

# ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီကို ၁၅ ဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်း

**နေပြည်တော် မတ် ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ၏ ဥက္ကဋ္ဌနေရာတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင် ကွယ်လွန်သွားသောကြောင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်ကို လည်းကောင်း၊ အဖွဲ့ဝင်နေရာတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ပေါး အစား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးတို့ကို အစားထိုးပြင်ဆင်ဖွဲ့စည်းကြောင်း လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီကို ၁၅ ဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းမည်ဖြစ်ပြီး ကော်မတီတွင် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူ ဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်တွင် တင်ပြပြီး အတည်ပြုချက်ရယူဖွဲ့စည်းရမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းခြင်းနှင့် တစ်ဆက်တည်း ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ ကော်မတီ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများကို လွှတ်တော်က သတ်မှတ်ပေးရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်အခွင့်အရေး ကော်မတီဝင် ဦးမင်းဦးက ကော်မတီ၏ လုပ်ငန်းတာဝန်များအနေဖြင့် ကော်မတီသည် ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကို လေ့လာ၍ ကဏ္ဍများအလိုက် သုံးသပ်အကြံပြုရန်၊ ဆောက်လုပ်ရေးကဏ္ဍအနေဖြင့် မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍကို စနစ်ကျန၍ ခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်စေရန်၊ စက်မှုကဏ္ဍအနေဖြင့် ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ရေး၊ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်သည့် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ခြင်းဖြင့် သွင်းကုန်အစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များ တိုးမြှင့်ရန်တို့ဖြစ်ပါကြောင်း။

လျှပ်စစ်ကဏ္ဍအနေဖြင့် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား လုံလောက်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရနိုင်သမျှ ရေအား၊ လေအား၊ နေအား၊ အပူစွမ်းအင်နှင့် အခြားစွမ်းအင် အရင်းအမြစ်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်၊ စွမ်းအင်ကဏ္ဍအနေဖြင့် ပြည်တွင်း စွမ်းအင်လိုအပ်ချက် ဖူလုံစေရေး ဦးစားပေးဆောင်ရွက်ရန်၊ ရှာဖွေတွေ့ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ သယံဇာတများကို ထွက်ရှိရာဒေသအပါအဝင် ပြည်သူလူထု တစ်ရပ်လုံး အကျိုးရှိထိရောက်စွာ ရရှိခံစားနိုင်ရေးအတွက် ဆောင်ရွက်ရန်၊ ကော်မတီ၏ လုပ်ပိုင်ခွင့်အနေဖြင့် ကော်မတီသည် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းတို့မှ ဖြေကြားနိုင်မည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်ပါကြောင်း၊ ကော်မတီသည် လိုအပ်သည့် နယ်မြေဒေသများသို့ သွားရောက်လေ့လာရန် ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ကော်မတီဥက္ကဋ္ဌမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ခွင့်ပြုချက်ရယူရမည်ဖြစ်ပါကြောင်း။

ရပိုင်ခွင့်အနေဖြင့် ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိပါကြောင်း၊ ကော်မတီ၏ သက်တမ်းအနေဖြင့် ကော်မတီ၏သက်တမ်းသည် တစ်နှစ်ဖြစ်ပါကြောင်း၊ သက်တမ်းတစ်နှစ် ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌက လိုအပ်ပါက ကော်မတီအမည်ပြင်ဆင်ခြင်း၊ ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါကော်မတီတွင် အဖွဲ့ဝင် ၁၅ ဦး၊ ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၊ အတွင်းရေးမှူးအဖြစ် မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၉)မှ ဦးမြင်းဆွေနှင့် အဖွဲ့ဝင်များမှာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနိုင်ကိုကို၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးငွန်ပေါး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးဇော်ဟိန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်ဆွေ၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိဟ(ခ)မောင်တူး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးရဲမြင့်စိုး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမိုင်းအုဏ်းခိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုးနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး ဇော်လွင်တို့ ဖြစ်ကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းကော်မတီ၏ အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ၏ **ရှမ်းပြည်နယ်၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် လွိုင်လင်ခရိုင်သို့ ဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်း ကျောက်တန်း-ဖက်နမ်-ပင်လုံလမ်းပိုင်း ၂၉ မိုင် ၆ ဖာလုံ လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင်လမ်းအဖြစ် အတည်ပြုပေးနိုင်ပါရန်နှင့် ၎င်းလမ်းကို အဆင့်မြှင့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား မည်သည့် ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နှင့် လွိုင်လင်ခရိုင် ပင်လုံမြို့သို့ ဆက်သွယ်ထားသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ကျောက်တန်းမှ ဖက်နမ်တံတားအထိ ၉ မိုင် ၆ ဖာလုံ၊ ဖက်နမ်တံတားမှ ပင်လုံမြို့အထိ မိုင် ၂၀ စုစုပေါင်း ၂၉ မိုင် ၆ ဖာလုံသည် လမ်းဦးစီးဌာနပိုင် ထမ်ဆန်း-ကျောက်တန်းလမ်း ၇ မိုင် ၄ ဖာလုံနှင့် တစ်ဆက်တစ်စပ်တည်းရှိသော လမ်းဖြစ်ပြီး မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း(AH2) ထမ်ဆန်းရွာနှင့် လွိုင်လင်-ပန်ကေတု-သီပေါလမ်း (AH111) ပင်လုံမြို့သို့ ဆက်သွယ်ထားသော လမ်းဖြစ်ပြီး လက်ရှိလမ်းအမျိုးအစားသည် ၁၀ ပေ အကျယ် မြေသားလမ်းအမျိုးအစားဖြစ်ပါကြောင်း။

အဆိုပါလမ်းကို ဆောက်လုပ်ရေးဦးစီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းပြီးဖြစ်သောကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းအဖြစ် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် သတ်မှတ်ကြေညာထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ ကျောက်တန်း-ဖက်နမ်- ပင်လုံလမ်းအပိုင်း ၂၉ မိုင် ၆ ဖာလုံ၏ Geometric Design၊ Pavement Design ပုံစံ ထုတ်ခြင်း၊ တံတား Design ပုံစံထုတ်ခြင်းနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းများ၊ တစ်ကြောင်းတိုး မြေသားလမ်း ပေ ၂၀ ရရှိရန် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေလျာထား ဆောင်ရွက်မည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လမ်းတံတားလုပ်ငန်းများအား အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ကော်မတီဝင် ဦးမျိုးဝင်းက ဖတ်ကြားတင်ပြပြီး အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ကော်မတီဝင် ဒေါက်တာကြွယ်ကြွယ်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို မတ် ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မြိတ်ကျွန်းစုခရီးစဉ်ရှင်းလင်းတင်ပြပွဲ တက်ရောက်

**နေပြည်တော် မတ် ၂၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယမန်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ Novotel Hotel ၌ ပြုလုပ်သည့် မြိတ်ကျွန်းစုဒေသကို နိုင်ငံတကာတွင် ခရီးသွားလုပ်ငန်းဈေးကွက်ဖော်ဆောင်နိုင်ရန်အတွက် ဂျပန်နိုင်ငံမှ ခရီးသွားလုပ်ငန်းရှင်များကို ဖိတ်ခေါ်လည်ပတ်စေပြီးနောက် ခရီးစဉ်အတွေ့အကြုံ ရှင်းလင်းပြောကြားသည့် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ ခိုင်မာသည့် နှစ်နိုင်ငံဆက်ဆံရေးမှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်ကြောင်း၊ ယခုသွားရောက် လည်ပတ်ခဲ့သည့် မြိတ်ကျွန်းစုဒေသမှာ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိသေးသည့် လှပသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ရှည်လျားသည့် ကမ်းရိုးတန်းနှင့် လှပသည့်ကမ်းခြေဒေသများစွာရှိပြီး မြိတ်ကျွန်းစုဒေသအပြင် ရခိုင်ပြည်နယ်တွင် ငပလီကမ်းခြေမှာလည်း နာမည်ကျော်ကြားသည့် ကမ်းခြေတစ်ခုဖြစ်ကြောင်း၊ ရှေးဟောင်းမြို့တော်တစ်ခုဖြစ်သည့် မြောက်ဦးကိုလည်း မကြာခင် ယူနက်စကို အသိအမှတ်ပြု World Heritage Site တစ်ခုဖြစ်လာရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ၏ ပကတိအခြေအနေမှာ တည်ငြိမ်အေးချမ်း၍ လည်ပတ်ရန် ကောင်းမွန်သည့် ခရီးစဉ်ဒေသများဖြစ်ကြောင်းကို ဂျပန်ခရီးသွားများ သိရှိနိုင်စေရန်အတွက် သတင်းဖြန့်ဝေပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဂျပန်နိုင်ငံ ခရီးသွားလုပ်ငန်းရှင်များမှ မြိတ်ကျွန်းစုခရီးစဉ်နှင့် ပတ်သက်သည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြသည်။

**သတင်းစဉ်**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကောင်းမှုလုံစေတီတော် ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ယမန်နေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့ မြို့နယ်ရှိ ကောင်းမှုလုံစေတီတော်သို့သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်လှူဒါန်းပြီး မလိခမြစ်နှင့် ဘုရားပရိဝုဏ် ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှု၍ သာသနာ့နယ်မြေ သတ်မှတ်နိုင်ရေးကိစ္စရပ်များနှင့် စေတီတော်ကြီးပရိဝုဏ်အား အုတ်တံတိုင်းခြံစည်းရိုးခတ်ရန် ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး မဟာတေဇဝန္တ ရွှေစည်းခုံစေတီတော် **(ယာပုံ)**၊ မဟာတေဇဝန္တရွှေတိဂုံစေတီတော်နှင့် မချမ်းဘော့မြို့ရှိ သဘာဝကျောက်နဂါးစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့သို့ ရောက်ရှိပြီး ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ခေါင်လန်ဖူးဒေသသည် သွားလာရေးခက်ခဲသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် အစိုးရမှဆောင်ရွက်ပေးနေသကဲ့သို့ တပ်မတော်မှလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤဒေသသည် တစ်ဖက်နိုင်ငံနှင့် နီးကပ်သောကြောင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်၏ အချုပ်အခြာအာဏာ မထိခိုက်စေရေး၊ မိမိတို့နိုင်ငံ၏ သယံဇာတများဆုံးရှုံးခြင်းမရှိဘဲ စနစ်တကျရှိရေးအတွက် ဒေသခံတိုင်းရင်းသားများအနေဖြင့် အုပ်ချုပ်မှု အဖွဲ့အစည်းများနှင့် ပူးပေါင်းကာကွယ်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်ချက်များကို တင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က မဂွေဇ-ခေါင်လန်ဖူးလမ်း ဖောက်လုပ်နေမှုနှင့်ပတ်သက်၍ ဒေသခံပြည်သူများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဒေသခံတိုင်းရင်းသားများအတွက် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်များနှင့် ခရစ်ယာန်ဘာသာဝင်များအတွက် သမ္မာကျမ်းစာအုပ်များ၊ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဒုတိယ ဗိုလ်ချုပ်ကြီးရဲအောင်နှင့် တပ်မတော်အရာရှိကြီးများက စားသောက်ဖွယ်ရာများကိုလည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး၌ ဓမ္မာစရိယစာမေးပွဲ ဖြေဆို

**ရန်ကုန် မတ် ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၁၃၇၉ ခုနှစ်(၂၀၁၈ ခုနှစ်)ဓမ္မာစရိယစာမေးပွဲကို မတ် ၂၀ ရက် မွန်းတည့် ၁၂ နာရီမှ စတင်၍ ဖြေဆိုတော်မူကြရာ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်စာဖြေဌာနဖြစ်သည့် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဝတ္တကမြေအတွင်းတွင် အသစ်တည်ဆောက်ပြီးစီးခဲ့သည့် သီရိမင်္ဂလာမဟာသာသနာ့ ဗိမာန်တော်ကြီး၌ ရဟန်းသံဃာ ၂၆၇ ပါး၊ သီလရှင်ဆရာလေး ၂၅ ပါး စုစုပေါင်း ၂၉၂ ပါးရှိသည့် အထဲမှ ယနေ့ ရဟန်းစာဖြေသံဃာ ၂၀၁ ပါး၊ သီလရှင်ဆရာလေး အပါး ၂၀ စုစုပေါင်း ၂၂၁ ပါးတို့ ပါရဇိက ကဏ္ဍပါဠိနှင့်အဋ္ဌကထာ ဘာသာရပ် ကျမ်းရင်းအတွဲ(၁) ဖြေဆိုခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၇၅ ဒသမ ၆၈ ရာခိုင်နှုန်းဖြစ်ကြောင်း အဆိုပါ စာဖြေဌာနမှ သိရသည်။

ဓမ္မာစရိယ စာမေးပွဲ ဖြေဆိုရာသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာနန္ဒ (အဂ္ဂမဟာပဏ္ဍိတ)(အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) အမှူးပြု၍ အဖွဲ့ဝင် ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ စာမေးပွဲကြီးကြပ် ဆရာတော်ကြီးများ၊ သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းဇော်မြင့်၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ဦးအေးမင်း၊ ခရိုင်သာသနာရေးမှူး ဦးအောင်ခိုင်ဝင်းတို့က စာဖြေသံဃာတော်၊ သီလရှင်ဆရာလေးများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။ အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ အင်းစိန်ထွေ/အုပ်ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများက ရေသန့်ဘူးများ၊ အချိုရည်ဘူးများ ဆက်ကပ်လှူဒါန်းကြပြီး မတ် ၂၂ ရက်တွင် ပါရဇိကကဏ္ဍပါဠိနှင့်အဋ္ဌကထာ ဘာသာရပ် ကျမ်းရင်းအတွဲ(၂)ကို ဆက်လက်ဖြေဆိုကာ မတ် ၃၀ ရက်အထိ ကျန်ဘာသာရပ်များ ဖြေဆိုကြမည်ဖြစ်ကြောင်း အင်းစိန်စာဖြေဌာနမှ ထပ်မံသိရသည်။ **ညဏ်ဟိန်း**

# လျှပ်စစ်မတော်တဆဖြစ်မှုနှင့် မရဏာလျှပ်စီးကြောင်း

**မောင်ထူးကြီး(ရူပဗေဒ)**

ဗို့အား ၅၀၀၀ နှင့် ဗို့အား ၅၀၀ တို့ကြောင့်ဖြစ်သော လျှပ်စစ်မတော်တဆဖြစ်မှု (ဓာတ်လိုက်ခြင်း) အဖြစ်အပျက်နှစ်ခုတို့ကို သာမန်အားဖြင့် လေ့လာသုံးသပ်ကြည့်ပါလျှင် ဗို့အား ၅၀၀၀ ကြောင့်ဖြစ်သော လျှပ်စစ်မတော်တဆဖြစ်မှု (ဓာတ်လိုက်ခြင်း) အဖြစ်အပျက်က ပို၍ လူကို အန္တရာယ်ဖြစ်စေနိုင်သည်ဟု ထင်မြင်ယူဆကြပေမည်။ ထိုသို့ ထင်မြင်ယူဆခြင်းမှာ မှန်ကန်မှုမရှိပါ။

လျှပ်စစ်မတော်တဆဖြစ်မှုကြောင့် ဓာတ်လိုက်ခြင်းကို ခံစားနေရသည့် လူတစ်ယောက် ခံစားရသည့်ဝေဒနာ အနည်းအများသည် ထိုလူ၏ ကိုယ်ခန္ဓာအတွင်း ဖြတ်သန်းစီးဆင်းသွားသည့် လျှပ်စစ်စီးကြောင်းပမာဏ အနည်းအများပေါ်တွင်သာ မူတည်နေပါသည်။

(၁) အကယ်၍ လူတစ်ယောက်သည် လျှပ်စစ်မတော်တဆဖြစ်မှုကြောင့် ဓာတ်လိုက်ခြင်းကို ခံစားနေရသည်ဆိုပါက -

ထိုလူ၏ ကိုယ်ခန္ဓာအတွင်းသို့ လျှပ်စစ်စီးကြောင်းပမာဏ ၁၀ မီလီအမ်ပီယာ သို့မဟုတ် သုည ဒသမ ၀၁ အမ်ပီယာ (တစ် အမ်ပီယာ၏ $\frac{၁}{၁၀၀}$ ) ထက် အနည်းငယ်ကျော်လွန်သော လျှပ်စစ်စီးကြောင်းပမာဏ ဖြတ်သန်းစီးဆင်းသွားပါက ထိုလူကို သေစေနိုင်လောက်အောင် အန္တရာယ်မဖြစ်နိုင်သော်လည်း

(က) ကိုယ်ခန္ဓာ နာကျင်မှုကို ခံစားရခြင်း။
(ခ) ဓာတ်လိုက်ခံနေရသည့်နေရာမှ ရုတ်တရက် ရွှေ့မသွားနိုင်ခြင်း။
(ဂ) ကြွက်သားများ ပုံမှန်မလှုပ်ရှားနိုင်ခြင်း။
(ဃ) အသက်ရှူရန် ခက်ခဲခြင်း။
(င) ကိုယ်ခန္ဓာရှိ အင်္ဂါအစိတ်အပိုင်းအသီးသီးတို့၏ ပုံမှန်လုပ်ဆောင်နေကျအလုပ်များ မလုပ်နိုင်ခြင်း။

(၂) အထက်အပိုဒ်(၁)တွင် ဖော်ပြထားသော လျှပ်စစ်စီးကြောင်းပမာဏထက် ပိုမိုများပြားသော ဥပမာ- ၁၀၀ မီလီအမ်ပီယာ သို့မဟုတ် သုည ဒသမ ၁ အမ်ပီယာ (၁ အမ်ပီယာ၏ $\frac{၁}{၁၀}$ ) နှင့် ၂၀၀ မီလီအမ်ပီယာ သို့မဟုတ် သုည ဒသမ ၂ အမ်ပီယာ (၂ အမ်ပီယာ၏ $\frac{၁}{၁၀}$ )အကြားတွင်ရှိသော လျှပ်စီးကြောင်းပမာဏ ဥပမာ သုည ဒသမ ၁၂ အမ်ပီယာရှိသော လျှပ်စီးကြောင်းသည် လျှပ်စစ်မတော်တဆဖြစ်မှုကြောင့် ဓာတ်လိုက်ခြင်းကို ခံစားနေရသည့် လူ၏ ကိုယ်ခန္ဓာအတွင်း ဖြတ်သန်းစီးဆင်းသွားပါက ထိုလူကို မုချသေစေနိုင်သည်။

ဤနေရာတွင် လျှပ်စစ်မတော်တဆဖြစ်မှုကြောင့် ဓာတ်လိုက်ခြင်းကို ခံစားနေရသည့် သူ၏ခန္ဓာကိုယ်အတွင်း လျှပ်စီးကြောင်း ဖြတ်သန်းစီးဆင်းသွားနိုင်ရန်အတွက် ဗို့အားထုတ်ပေးသော ပင်ရင်းတစ်ခု ရှိရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဓာတ်လိုက်ခြင်းကို ခံစားနေရသည့် လူ၏ကိုယ်ခန္ဓာအတွင်း ဖြတ်သန်းစီးဆင်းသွားသော လျှပ်စီးကြောင်းပမာဏသည် -

(က) ဗို့အားပင်ရင်းမှ ထုတ်ပေးသော ဗို့အားပမာဏ
(ခ) ဓာတ်လိုက်ခြင်းကို ခံစားနေရသည့် လူ့ကိုယ်ခန္ဓာ၏ခုခံမှု (လူ့ကိုယ်ခန္ဓာ၏ ခုခံမှုတွင် ထိုလူနှင့် ထိတွေ့ဆက်စပ်နေသည့် ပစ္စည်းတို့၏ ခုခံမှုများလည်းပါဝင်သည်)တို့အပေါ်တွင် မူတည်နေပါသည်။

ဓာတ်လိုက်ခြင်းကို ခံစားနေရသည့် လူ့ကိုယ်ခန္ဓာ၏ ခုခံမှုသည် ထိုလူနှင့် ထိတွေ့ဆက်စပ်နေသော ပစ္စည်းများပေါ်တွင်သာမက ကိုယ်ခန္ဓာရှိ အရေပြား၏ ခြောက်သွေ့မှုနှင့် ကိုယ်ခန္ဓာရှိ အရေပြား၏ စိုစွတ်မှုအစိုဓာတ်တို့အပေါ်တွင်လည်း မူတည်၍ ပြောင်းလဲနေပါသည်။ စိုစွတ်မှုရှိသော အရေပြား၏ ခုခံမှုသည် ၁ ကီလိုအုမ်းခန့်သာ (၎င်းအောက် နည်းနိုင်သည်) ရှိပြီး ခြောက်သွေ့သော အရေပြား၏ ခုခံမှုသည် ၅၀၀ ကီလိုအုမ်းအထက်တွင် ရှိနိုင်ပါသည်။

အထက်ပါအချက်အလက်များနှင့် သုတေသနပြုထားသောမှတ်တမ်းများအရ ၄၈ ဗို့ဒီစီနှင့် ကိုယ်ခန္ဓာ၏ခုခံမှု ၄၀၀ အုမ်း မျှသာရှိသော လျှပ်စစ်မတော်တဆဖြစ်မှုတွင် ဓာတ်လိုက်ခြင်းကို ခံစားနေသည့် လူ၏ကိုယ်ခန္ဓာအတွင်းသို့ ဖြတ်သန်းစီးဆင်းသွားသော လျှပ်စီးကြောင်းပမာဏသည် ၁၂၀ မီလီအမ်ပီယာခန့်ဖြစ်၍ အပိုဒ်(၁)တွင် ဖော်ပြထားသော လျှပ်စီးကြောင်းပမာဏ သုည ဒသမ ၀၁ အမ်ပီယာထက် ပိုမို၍များပြားနေသောကြောင့် ထိုလူကို အသက်သေဆုံးသွားစေနိုင်ပါသည်။

သို့ဖြစ်၍ လျှပ်စစ်မတော်တဆဖြစ်မှုကြောင့် လူကို အန္တရာယ်ဖြစ်စေနိုင်သော ဓာတ်လိုက်ခြင်းကို ခံစားနေရသော လူသည် ဗို့အားပမာဏ အများအပြား ၅၀၀၀ ဗို့ သို့မဟုတ် ၅၀၀ ဗို့ ရရှိမှသာ မဟုတ်ဘဲ ဗို့အား ၅၀ ဗို့ ရရှိနေသော ဖြစ်ရပ်အနေအထား၌ပင် လူကို သေစေနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

လျှပ်စစ်ဓာတ်အား နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ လျှပ်စစ်မတော်တဆမှု(ဓာတ်လိုက်ခြင်း)ဖြစ်ပါက ကုရာနတ္ထိဆေးမရှိသည့် မရဏာလျှပ်စီးကြောင်း စီးဆင်းသွားနိုင်သဖြင့် သတိပြုရမည့်အချက်အချို့ကို ဖော်ပြရပါလျှင် ရေချိုးခန်းမှ ရေစိုဖြင့် ထွက်လာခြင်း၊ ရေစိုအဝတ်အားအဝတ်အစားမလဲရသေးမီ လျှပ်စစ်ပစ္စည်းများနှင့် မီးခလုတ်များကို ကိုင်တွယ်ခြင်း၊ အဖွင့်၊ အပိတ်လုပ်ခြင်းတို့ကို မပြုလုပ်ရပါ။ ရေစိုနေသောလက်ဖြင့် လျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်များကို ကိုယ်တွယ်ခြင်း၊ အဖွင့်၊ အပိတ်လုပ်ခြင်းတို့ကို မပြုလုပ်ရပါ။ ရေစိုနေသော သမံတလင်း၊ မြေကြီးနှင့် သံပြားများပေါ်မှ လျှပ်စစ်ပစ္စည်းများကိုင်တွယ်ခြင်း၊ အဖွင့်၊ အပိတ်လုပ်ခြင်းတို့ကို ပြုလုပ်လိုပါက ခြောက်သွေ့သောဖိနပ် (သို့မဟုတ်)လျှပ်စစ်ဓာတ် စီးဆင်းနိုင်မှုမရှိသော ပစ္စည်းဖြင့် ပြုလုပ်ထားသည့် ရော်ဘာဖိနပ်ကဲ့သို့သော ဖိနပ်မျိုးကို စီး၍ ပြုလုပ်ရပါမည်။

အကယ်၍ မိမိရှေ့တွင် လျှပ်စစ်မတော်တဆဖြစ်မှုကြောင့် ဓာတ်လိုက်ခြင်းကို ခံနေရသည့် လူကို တွေ့ရှိပါက -

ဗို့အားပင်ရင်းခလုတ်ကို တတ်နိုင်သမျှ အမြန်ဆုံး ပိတ်ပစ်ပါ။ ထိုသို့မဆောင်ရွက်နိုင်ခဲ့ပါလျှင် ဓာတ်လိုက်ခြင်းကို ခံစားနေသည့် လူကို ထိုနေရာမှ လွတ်ကင်းရာသို့ အချိန်အနည်းငယ်အတွင်း အမြန်ရောက်ရှိသွားအောင် ဆောင်ရွက်ရပါမည်။ ထိုသို့ ဆောင်ရွက်ရာ၌ လျှပ်စစ်ဓာတ် အလွယ်တကူ စီးဆင်းနိုင်ခြင်းမရှိသည့် သစ်သားချောင်း၊ ဝါးလုံး၊ ပလတ်စတစ်ကြိုးနှင့် ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ အဝတ် စသည့် ပစ္စည်းများကို သင့်လျော်သလို အသုံးပြု၍ လုပ်ဆောင်နိုင်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ထိုသူ ကိုယ်တိုင်လည်း လျှပ်စစ်အန္တရာယ်မှ လွတ်ကင်းအောင် ဆောင်ရွက်ရပါမည်။

ဓာတ်လိုက်ခြင်းကို ခံနေရသည့်လူအား အချိန်အနည်းငယ်အတွင်း ဓာတ်လိုက်ခြင်းကို ခံနေရသည့်နေရာမှ ရွှေ့ပြောင်းပေးခြင်းကို မပြုလုပ်နိုင်ခဲ့လျှင် ဓာတ်လိုက်ခြင်းခံနေရသည့် လူ၏ကိုယ်ခန္ဓာခုခံမှုမှာ အချိန်နှင့်အမျှ တဖြည်းဖြည်း လျော့နည်းလာသည့်အတွက် လူ့အသက်အန္တရာယ်ကို ဒုက္ခပေးနိုင်သည့် လျှပ်စီးကြောင်းပမာဏ သုည ဒသမ ၁ အမ်ပီယာမှစ၍ ၎င်းထက် ပမာဏ ပိုမိုများပြားသော လျှပ်စစ်စီးကြောင်းသည် ထိုလူ၏ ကိုယ်ခန္ဓာအတွင်း ဖြတ်သန်းစီးဆင်းသွားနိုင်ပါသဖြင့် ထိုလူကို သေဆုံးသွားစေနိုင်ပါသည်။ ဆိုလိုသည်မှာ ဓာတ်လိုက်ခံရသောလူသည် အချိန်ကြာလာသည်နှင့်အမျှ အသက်သေဆုံးသွားသည်အထိ အန္တရာယ်ရှိပါသည်။ ထို့ကြောင့် လျှပ်စစ်မတော်တဆဖြစ်မှုကြောင့် ဓာတ်လိုက်ခြင်းကို ခံစားနေရသည့်လူကို ဓာတ်လိုက်ခြင်းခံနေရသည့်နေရာမှ လွတ်ကင်းရာသို့ အချိန်အနည်းငယ်အတွင်း ရွှေ့ပြောင်းပေးနိုင်ရန်ကိစ္စမှာ အလွန်အရေးကြီးပါသည်။ သို့မှသာ အသက်အန္တရာယ်ကို ဒုက္ခပေးနိုင်သော မရဏာလျှပ်စီးကြောင်းအန္တရာယ်မှ အချိန်မီလွတ်ကင်းနိုင်လိမ့်မည်ဖြစ်ကြောင်း အသိပေးတင်ပြလိုက်ရပါသည်။

☆ **မြန်မာ့ရော်ဘာမှ**

မြန်မာ့ရော်ဘာစိုက်ပျိုးသူနှင့် ထုတ်လုပ်သူများအသင်းမှ ကိုယ်စားလှယ်များ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပမှ အထူးဖိတ်ကြားထားသည့် ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အတူတကွပါဝင်လက်တွဲ

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရေရှည်တည်တံ့သည့် အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်နိုင်ရန် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ပြီး အပြုသဘောဆောင်သော ပြောင်းလဲမှုဖြစ်ပေါ်လာစေရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ၊ တိုးတက်မှုများနှင့် အစိုးရ၏ လုပ်ငန်းအစီအစဉ်များကို နားလည်သဘောပေါက်ပြီး ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များနှင့် အတူတကွပါဝင်လက်တွဲသွားရန်၊ ရေရှည်တည်တံ့သည့် သဘာဝရော်ဘာထုတ်လုပ်မှုလုပ်ငန်း နည်းဗျူဟာများ ချမှတ်ဆောင်ရွက်သွားရန်၊ Down-stream,Mid-stream ရော်ဘာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရော်ဘာသုတသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းမြှင့်တင်ပေးနိုင်ရန် စသည့် အဓိကရည်ရွယ်ချက်များဖြင့် မြန်မာ့ရော်ဘာဖိုရမ်ကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

ရော်ဘာသည် ကမ္ဘာတစ်ဝန်းအရေးကြီးသည့် စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်ပြီး ကမ္ဘာပေါ်တွင် သံနှင့် သံမဏိလုပ်ငန်းပြီးလျှင် ဒုတိယအကြီးမားဆုံးစက်မှုလုပ်ငန်းလည်း ဖြစ်ပါကြောင်း၊ ရော်ဘာသည် ကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်သည့်နေရာတွင် မရှိမဖြစ် အသုံးပြုရသော စက်မှုကုန်ကြမ်းတစ်ခုဖြစ်ပြီး ကမ္ဘာ့အကြီးမားဆုံး တာယာလုပ်ငန်းများ၏ ဝယ်လိုအားများကြောင့် ရော်ဘာသည် အဖိုးတန်နိုင်ငံခြားဝင်ငွေ ရရှိစေသည့် ကုန်ပစ္စည်းတစ်ခုလည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရော်ဘာကို အဓိကဦးစားပေး စက်မှုကုန်ကြမ်းသီးနှံအဖြစ် သတ်မှတ်ထားပြီး ရော်ဘာလုပ်ငန်း စဉ်ဆက်မပြတ် တိုးတက်မှု ရရှိနေရေး အားစိုက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံ၏ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက အားပေးလျက်ရှိပါကြောင်း၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် နိုင်ငံခြားတင်ပို့နိုင်မှု တိုးတက်လာစေရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ရော်ဘာနှင့်ပတ်သက်သည့် အသင်းအဖွဲ့များ ပိုမိုအားကောင်းအောင်ဖွဲ့စည်းပြီး ဆောင်ရွက်သွားကြစေလိုကြောင်း၊ ထို့ပြင် အသင်းအဖွဲ့များနှင့်အတူ အစိုးရ၊ တောင်သူ၊ ပညာရှင်များကလည်း ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ရော်ဘာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။

### အားပေးကူညီ

မြန်မာနိုင်ငံ၏ ရော်ဘာကဏ္ဍသည် ရော်ဘာစိုက်ပျိုးသည့် အခြားနိုင်ငံများဖြစ်သည့် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အထွက်နှုန်းရော အရည်အသွေးပါ နိမ့်ကျနေသေးသည့်အတွက် နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်းမရရှိခြင်း၊ ဈေးအနှိမ်ခံရခြင်းတို့နှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ထို့ကြောင့် ရော်ဘာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ နည်းပညာများရယူခြင်း၊ သတင်းအချက်အလက်များဖလှယ်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်အပါအဝင် သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် စီစဉ်ဆောင်ရွက်ခြင်းများ လုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း။

ရော်ဘာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ တစ်ဖက်တစ်လမ်းမှ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများကိုပါ အထိုက်အလျောက် တားဆီးပေးနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်ပိုင်းကလည်း ရော်ဘာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် လိုအပ်သည့် အားပေးကူညီမှုများနှင့် ပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

### အထောက်အကူဖြစ်မည်

ရော်ဘာဖိုရမ် ကျင်းပပေးခြင်းအားဖြင့် အခက်အခဲများ၊ အတွေ့အကြုံများ၊ ခေတ်မီနည်းပညာများနှင့် ရလဒ်ကောင်းများ၊ အကြံဉာဏ်ကောင်းများ အပြန်အလှန် နှီးနှောဖလှယ်နိုင်မည်ဖြစ်သည့်အတွက် ရေရှည်တည်တံ့သည့် မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေး၊ အကျိုးရှိသည့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ဖြစ်စေရေးတို့အတွက် များစွာအထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးရာတွင် နိုင်ငံတော်က ဖြည့်ဆည်းပေးရမည့် အချက်အလက်များ၊ ဝန်ကြီးဌာနက ဆောင်ရွက်ပေးမည့်အချက်များ၊ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းများ၊ ရော်ဘာစိုက်တောင်သူများအတွက် ပံ့ပိုးပေးရန်လိုအပ်ချက်များကို ထည့်သွင်းဆွေးနွေးကြစေလိုကြောင်း၊ ထို့ပြင် စီးပွားရေးပညာရှင်များကလည်း လက်ရှိ ရော်ဘာဈေးကွက်အခြေအနေများနှင့် စီးပွားရေးရှုထောင့်အမြင်များကို အကြံပြုဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

### ဦးစားပေးဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ရော်ဘာတစ်ဧက အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ရန်၊ ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်သည့် အရည်အသွေးမြင့် ရော်ဘာများထုတ်လုပ်နိုင်ရန်၊ ရော်ဘာကုန်ချော ထုတ်လုပ်မှုနှင့် ရော်ဘာအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရန်၊ ရော်ဘာသစ်နှင့် ပရိဘောဂလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် စသည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ရော်ဘာသမိုင်း၊ ရော်ဘာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုနှင့် ရော်ဘာကဏ္ဍအရေးပါမှု ဗီဒီယိုဖိုင်ကိုပြသပြီး မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာယုစိန်က သဘာဝရော်ဘာနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၊ အခက်အခဲ၊ လိုအပ်ချက်နှင့် စိန်ခေါ်မှုများကို လည်းကောင်း၊ WWF-Myanmar Country Director Dr.A. Christy Williams က သစ်တောပြုန်းတီးမှုကင်းစင်သည့် ရေရှည်တည်တံ့သော ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အခွင့်အလမ်းများကို လည်းကောင်း၊ CESD Executive Director ဒေါက်တာဇော်ဦးက မြန်မာနိုင်ငံ၏ ရော်ဘာတန်ဖိုးကွင်းဆက်ကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ရော်ဘာထုတ်ကုန်

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အဆိုပါ ဟိုတယ်၌ ခင်းကျင်းပြသထားသည့် ရော်ဘာကုမ္ပဏီများ၏ ရော်ဘာထုတ်ကုန်ပစ္စည်းများနှင့် ရော်ဘာသစ် ပရိဘောဂပစ္စည်းများကို လှည့်လည် ကြည့်ရှုလေ့လာကြသည်။

### သုံးသပ်အကြံပြု

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ၏ သဘာဝရော်ဘာ ထုတ်လုပ်မှုကဏ္ဍ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနည်းဗျူဟာများ၊ ရေရှည်တည်တံ့သော သဘာဝရော်ဘာဖွံ့ဖြိုးရန် ကွန်ရက်ချိတ်ဆက်မှု၊ ရော်ဘာသုတေသနလုပ်ငန်းများကို တိုးတက်စေခြင်းဖြင့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော သဘာဝရော်ဘာ ထုတ်လုပ်သောခြံများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ရော်ဘာဈေးကွက်စနစ် ဖွံ့ဖြိုးလာမှုနှင့် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဆောင်ရွက်မှုအခန်းကဏ္ဍ စသည့် စာတမ်းများကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများက ဖတ်ကြားရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သုံးသပ်အကြံပြု ဆွေးနွေးကြသည်။

### ရှင်းလင်းဆွေးနွေး

မွန်းလွဲပိုင်းတွင် ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများက ရေရှည်တည်တံ့သော သဘာဝရော်ဘာထုတ်လုပ်သည့် လမ်းညွှန်ချက်များနှင့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော သဘာဝရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်ထိခိုက်မှုအား လျော့နည်းစေပြီး ရေရှည်တည်တံ့သော ရော်ဘာကဏ္ဍဖြစ်ပေါ်စေရေး၊ ရော်ဘာသစ်ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၊ မွန်ပြည်နယ်ရှိ ရော်ဘာ ခွက်ကပ်များ၏ ဈေးကွက်စိန်ခေါ်မှုများ၊ မွန်ပြည်နယ်၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ၊ တန်ဖိုးကွင်းဆက်ဖြစ်စဉ် အဆင့်ဆင့်တွင် ကျွမ်းကျင်လုပ်သားအင်အား ပါဝင်မှုမြှင့်တင်ပေးခြင်း၊ မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာရော်ဘာဈေးကွက်သို့ချဉ်းကပ်ခြင်း၊ ရော်ဘာအထူးဇုန်တည်ထောင်ရေးနှင့် စိန်ခေါ်မှုများ၊ ဧရာဝတီတိုင်းဒေသကြီး ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စသည့် စာတမ်းများကို ဖတ်ကြားရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သုံးသပ်အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

အဆိုပါ မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ (Myanmar Rubber Forum-2018) ကို မတ် ၂၂ ရက်အထိ ဟိုတယ်မက်(စ်)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ခင်းကျင်းပြသထားသည့် ရော်ဘာကုမ္ပဏီများ၏ ရော်ဘာထုတ်ကုန်ပစ္စည်းများနှင့် ရော်ဘာသစ် ပရိဘောဂပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

---

## လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံခြင်းနှင့် မိဘရပ်ထံပြန်လည်အပ်နှံခြင်းဆောင်ရွက်နေသူများအား စွမ်းရည်မြှင့်သင်တန်းဖွင့်

**ကော့သောင်း မတ် ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ လူကုန်ကူးခံရသူများအား တိုက်ရိုက်ဝန်ဆောင်မှု ပေးနေသူများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်နှင့် လူကုန်ကူးခံရသူများအား ထိရောက်သော ကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရန် ရည်ရွယ်လျက် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံခြင်းနှင့် မိဘရပ်ထံပြန်လည်အပ်နှံခြင်းဆိုင်ရာ နိုင်ငံအဆင့်လမ်းညွှန်အား လုပ်ငန်းဆောင်ရွက်နေသူများထိရောက်စွာ အသုံးပြုနိုင်ရန် စွမ်းရည်မြှင့်သင်တန်းကို ကော့သောင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ မတ် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သင်တန်းသို့ ကော့သောင်းမြို့ရှိ လူကုန်ကူးခံရသူများအား တိုက်ရိုက်ဝန်ဆောင်မှုပေးနေသော ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့သည်။ သင်တန်းကာလအတွင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ကော့သောင်းခရိုင်ဥပဒေရုံးတို့မှ တာဝန်ရှိသူများက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ လူကုန်ကူးခံရသူများ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် စံလုပ်ငန်းများနှင့် တရားစီရင်ရေးလုပ်ငန်းစဉ်ဆိုင်ရာ လုပ်ငန်းရပ်များကို ဆွေးနွေးပို့ချခြင်း၊ သင်တန်းသား သင်တန်းသူများက လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ကြုံတွေ့ရသောအခက်အခဲများ၊ အားသာချက်များကို အပြန်အလှန်ဆွေးနွေး၍ ရှေ့လုပ်ငန်းစဉ်များအတွက် အကြံပြုချက်များကို ဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲ ကျင်းပ

**တောင်ကြီး မတ် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်းတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူလေးများက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" တေးသီချင်းဖြင့် ဖျော်ဖြေကြသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများ ပြခန်းကို ကြည့်ရှုစဉ်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ ကျင်းပသည့်ပွဲတော်သည် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပြသရန်နှင့် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် စီစဉ်ကျင်းပခြင်း ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတစ်ဝန်း တိုင်းရင်းသားလူမျိုးစုများအလိုက် စာပေနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အသီးသီးရှိနေကြသော်လည်း တချို့မှာ တိမ်မြုပ်ပျောက်ကွယ်နေ၍ ပျောက်ပျက်မသွားအောင် ဖော်ထုတ်ပြီး အားပေးမြှင့်တင်ရန် လိုအပ်နေသည်များလည်း ရှိပါကြောင်း၊ တချို့တိုင်းရင်းသားလူမျိုးစုများမှာ ဘာသာစကား တည်ရှိသော်လည်း စာပေပေါ်ပေါက်လာရန် ကူညီပံ့ပိုးပေးရန် လိုအပ်နေသည်များလည်း ရှိပါကြောင်း။

မိမိတို့နိုင်ငံသည် မတူကွဲပြားသည့် ဘာသာစကားအသီးသီးရှိကြသော တိုင်းရင်းသားလူမျိုးများစွာ အတူတကွ စုပေါင်းနေထိုင်ကြသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် အသီးသီးသော ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းခြင်း၊ မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု ခံယူပါကြောင်း၊ ယင်းနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်တွင် ဖော်ပြထားခြင်း ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) နိုင်ငံတော်၏ အခြေခံမူများ အခန်း၊ ပုဒ်မ (၂၂) တွင် (က) နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။ (ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။ (ဂ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေး၊ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု ဖော်ပြထားသည်ကို တွေ့ရပါကြောင်း။

ယနေ့ ကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်သည် ထိုအချက်(၃)ချက်နှင့် အင်မတန် လိုက်လျောညီညွတ်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် က ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးစု စာပေ၊ စာတမ်းဖတ်ပွဲစာတမ်းရှင်များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများနှင့် ရိုးရာဝတ်စားဆင်ယင်မှုပြခန်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အစားအသောက်များကို ရောင်းချသည့်အဖွဲ့များမှ ကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းရေးသင်္ကေတ ချိုးဖြူမီးပုံးပျံများ လွှတ်တင်ကြကာ ပွဲတော်တက်ရောက်လာသည့် အကြီးအကဲများနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပွဲတော်ကို တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်တည်တံ့စေရန်၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားလူမျိုးစုများအချင်းချင်း ရင်းနှီးချစ်ခင်မှုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာစေရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကာ မတ် ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ကာလအတွင်း တိုင်းရင်းသားမျိုးနွယ်စုများ၏ စာပေစာတမ်း ၁၄ စောင်နှင့် တိုင်းရင်းသားလူမျိုးစုသမိုင်း၊ ယဉ်ကျေးမှုဓလေ့ဆိုင်ရာ စာတမ်း ၁၂ စောင် စုစုပေါင်း စာတမ်း ၂၆ စောင် ဖတ်ကြားခြင်းကို တောင်ကြီးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှု ပြခန်း ၂၃ ခန်း၊ ဌာနဆိုင်ရာပြခန်း ကိုးခန်း၊ စာအုပ်အရောင်းဆိုင် ၅၀၊ ရိုးရာအစားအသောက်ပြပွဲ၊ ဈေးရောင်းပွဲများအပြင် တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှု အကအဖွဲ့ ၄၅ ဖွဲ့နှင့် ခေတ်ပေါ်စင်တင် တေးဂီတဖျော်ဖြေမှုများကို တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်းတွင် လည်းကောင်း စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



**ရိုးရာအဝတ်အထည်များ ရက်လုပ်ပြသစဉ်။**



**တောင်ကြီးမြို့၌ တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။**





**တောင်ကြီးမြို့၌ တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်တွင် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ ဖျော်ဖြေတင်ဆက်စဉ်။**

# အပြန်အလှန် အလေးအနက်မထားခြင်း၊ နားလည်မှု၊ ယုံကြည်မှု တည်ဆောက်နိုင်မှုမရှိခြင်းများကြောင့် JMC-S အချို့တွင် မလိုလားအပ်သည့်ဖြစ်စဉ်များ ဖြစ်ပေါ်ဟု JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပြောကြား

**ရန်ကုန် မတ် ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S)များတွင် ဆွေးနွေးချက်များကို အပြန်အလှန် အလေးအနက်မထားခြင်း၊ နားလည်မှု၊ ယုံကြည်မှုတည်ဆောက်နိုင်ခြင်းမရှိမှုများကြောင့် မလိုလားအပ်သည့်ဖြစ်စဉ်များ ဖြစ်ပေါ်နေသည်ကို တွေ့ရကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်မှီခိုနိုင်အောင် လိုအပ်သည့် ပံ့ပိုးကူညီမှုများ၊ လိုအပ်သည့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို နှစ်ဖက်ညှိနှိုင်း၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယုံကြည်မှုတည်ဆောက်သည်ဆိုသော စကားလုံးအတိုင်း တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် မှီခိုမှုရှိနေရန် လိုအပ်ပါကြောင်း ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောကြားသည်။

ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံးတွင် ပြုလုပ်သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ (၁၅)ကြိမ်မြောက် အစည်းအဝေးတွင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"တချို့ JMC-S များအတွင်းမှာ ဆွေးနွေးချက်တွေကို အပြန်အလှန် အလေးအနက် မထားတာတွေ၊ နားလည်မှု၊ ယုံကြည်မှုမတည်ဆောက်နိုင်တာတွေကြောင့် မလိုလားအပ်တဲ့ ဖြစ်စဉ်လေးတွေ ဖြစ်နေတာ တွေ့ရပါတယ်၊ လက်ရှိအနေအထားမှာ ယုံကြည်မှုတည်ဆောက်နေတယ်ဆိုတဲ့ စကားလုံးကိုပဲ သုံးနှုန်းပြောဆိုနေတာကို တွေ့ရပါတယ်၊ ဒါကြောင့် ယုံကြည်မှုတည်ဆောက်နေတယ်ဆိုတဲ့ စကားလုံးကို ပြန်ကြည့်တဲ့အခါ တစ်ယောက်နဲ့တစ်ယောက် တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် မှီခိုမှုရှိနေဖို့ လိုအပ်ပါတယ်၊ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် မှီခိုနိုင်အောင်လည်း လိုအပ်တဲ့ ပံ့ပိုးကူညီမှုတွေ၊ လိုအပ်တဲ့ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတွေကို နှစ်ဖက်ညှိနှိုင်းပြီး ဆောင်ရွက်ဖို့ လိုအပ်ပါတယ်၊ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် မှီခိုနေမယ်ဆိုရင် ယုံကြည်မှုတည်ဆောက်ပြီးသား ဖြစ်တယ်လို့ ယုံကြည်ပါတယ်"ဟု ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဖွင့်နှုတ်ခွန်းဆက်စကားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ယနေ့ပြုလုပ်သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် (၁၄) ကြိမ်မြောက်နှင့် (၁၅) ကြိမ်မြောက် ကြားကာလတွင် ဆောင်ရွက်ခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများ၊ ဒေသအဆင့် (JMC-L) များ တိုးချဲ့ဖွင့်လှစ်နိုင်မှုများ၊ ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) များ ဖွဲ့စည်းသွားနိုင်ရေး၊ JMC Conference ကျင်းပမည့် နေ့ရက်သတ်မှတ်ပေးနိုင်ရေးများကို ညှိနှိုင်းအတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က "JMC ရဲ့ အဓိကတာဝန်ဟာ စောင့်ကြည့်ခြင်း၊ အငြင်းပွားမှုနဲ့ ပဋိပက္ခဖြေရှင်းခြင်း၊ စိစစ်အတည်ပြုခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ဟာ စောင့်ကြည့်ခြင်းလုပ်ငန်းကို အဓိကလုပ်ဆောင်တယ်လို့ ပြောလို့ရပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ JMC-L (ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ)တွေကို ဖွဲ့စည်းဖို့ လိုပါတယ်၊ ဒါ့အပြင် ဒေသအလိုက် အရပ်သားစောင့်ကြည့်မယ့် (LCM) တွေကိုလည်း ထားရှိဆောင်ရွက်ဖို့ လိုပါတယ်၊ အဲဒီလို ပီပီပြင်ပြင် လုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့အတွက် အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ပေးတာတွေ၊ လိုအပ်တဲ့ သင်တန်းဆောင်ရွက်ပေးတာတွေ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်၊ JMC ဟာ လုပ်ငန်းအားလုံးကို ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်တာ ဖြစ်ပါတယ်၊ JMC-S မှာလည်း နှစ်ဖက်တပ်မှူးတွေပါဝင်ပြီး အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်ဆောင်သွားဖို့ လိုအပ်ပါတယ်၊ NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအလိုက် JMC အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြီး အောက်ခြေအဆင့်ထိ သိရှိအောင် ဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်၊ JMC အဆင့်ဆင့်မှာ ပါဝင်နေတဲ့ အရပ်သားကိုယ်စားလှယ်တွေရဲ့ အခန်းကဏ္ဍကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ဖို့အတွက် အရပ်သားကိုယ်စားလှယ်တွေရဲ့ မျက်နှာစုံညီ အစည်းအဝေးတွေကို လေးလတစ်ကြိမ် ဆောင်ရွက်ဖို့ သဘောတူညီဆောင်ရွက်ပြီးဖြစ်ပါတယ်၊ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်မှီခိုမှုရှိအောင် ဖွံ့ဖြိုးတိုးတက်တဲ့ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးဖို့အတွက် ကျွန်တော့်အနေနဲ့ ညှိနှိုင်းပြောကြားလိုပါတယ်"ဟု ပြောသည်။



**ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**

ယနေ့ကျင်းပသည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးကို မတ် ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးက "ယုံကြည်မှုတည်ဆောက်တဲ့နေရာမှာ ကျွန်တော်တို့ လက်နက်ကိုင်နှစ်ဖွဲ့အကြားသာ တည်ဆောက်တာမဟုတ်ဘဲ ဒေသခံပြည်သူတွေလည်း ပါဝင်နေတယ်ဆိုတာကို သတိပေးဖို့ လိုအပ်ပါတယ်၊ ကျွန်တော်တို့ ဒေသခံပြည်သူတွေဟာ လက်နက်ကိုင်ပဋိပက္ခရဲ့ မကောင်းတဲ့ အကျိုးဆက်တွေကို ခေတ်အဆက်ဆက်မှာ ခံစားလာကြရတာ ဖြစ်ပါတယ်၊ သူတို့ရဲ့ စိတ်ထဲမှာ ကြောက်စိတ်၊ စိုးရိမ်စိတ် လွှမ်းမိုးနေဆဲ ရှိပါသေးတယ်၊ ဒါကြောင့် ကျွန်တော်တို့ လှုပ်ရှားမှုတိုင်းမှာ ပြည်သူ့ဆန္ဒ မပါဝင်ရင် NCA နဲ့ JMC အကောင်အထည်ဖော်မှုတွေမှာ ပြည်သူတို့ရဲ့ ရှိပြီးတဲ့ယုံကြည်မှုတွေပါ ပျက်ပြားသွားနိုင်ပါတယ်။

ကျွန်တော်တို့ရဲ့ JMC အကောင်အထည်ဖော်မှုတွေမှာ NCA ရဲ့ အနှစ်သာရဖြစ်တဲ့ ညှိနှိုင်းအဖြေရှာခြင်းဆိုတာထက် နည်းပညာပိုင်းတွေ ရှေ့ရောက်ပြီး လက်တွေ့မြေပြင်မှာ အကောင်အထည်ဖော်မှု အားနည်းနေတာ တွေ့ရပါတယ်၊ ညှိနှိုင်းမှုဆိုတာက တရားဝင် ညှိနှိုင်းမှုလိုသလို အလွတ်သဘော တွေ့ဆုံညှိနှိုင်းမှုများကိုလည်း လိုအပ်ပါမယ်၊ တစ်ဦးအပေါ် တစ်ဦး အပြစ်တင်တိုက်ခိုက်ခြင်းဟာ ပြဿနာကို မဖြေရှင်းနိုင်သလို ပြဿနာကိုသာ ကြီးထွားလာနိုင်စေမှာဖြစ်လို့ အငြင်းပွားမှုရဲ့ အရင်းခံပြဿနာကို အတူတကွ ရှာဖွေပြီး ဖြေရှင်းဖို့လိုအပ်လာရင်လည်း နည်းသစ်၊ လမ်းသစ်တွေ ရှာဖွေပြီး အကောင်အထည်ဖော်ခြင်းကနေ ရလဒ်ကောင်းများရရှိလာမှာ ဖြစ်ပါတယ်"ဟု အဖွင့်နှုတ်ခွန်းဆက်စကားတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ အရပ်သားကိုယ်စားလှယ်အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ (၂) ဦးပြည့်စုံက "ယုံကြည်မှုအားနည်းလို့ သံသယပေါ်လာတာပါ၊ ယုံကြည်မှုရရှိအောင် ခင်မင်ရင်းနှီးမှုကို အဓိကထား ဆောင်ရွက်သွားရမယ်လို့ ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်၊ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ အကြီးအကဲများသာမက အောက်ခြေအဆင့်အထိပါ တစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံနိုင်အောင်၊ ခင်မင်ရင်းနှီးနိုင်အောင် အဆင့်ဆင့်သော တာဝန်ရှိပုဂ္ဂိုလ်တွေက စနစ်တကျ စီစဉ်ပေးဖို့ လိုမယ်လို တင်ပြလိုပါတယ်၊ နယ်မြေပိုင်းခြားမှုတွေဟာ တော်တော်လေးကို ခက်ခဲပါတယ်၊ အဲဒီအတွက်ကြောင့် ပီပီပြင်ပြင် မဆောင်ရွက်နိုင်သေးတဲ့အတွက်ကြောင့် အဲဒီဟာကတော့ လိုအပ်ချက်တင်မဟုတ်ဘဲ အားနည်းချက်လို့ ပြောလို့ရပါတယ်၊ ဒါလေးတွေ လုပ်ဆောင်သွားဖို့ လိုပါတယ်။

JMC လုပ်ငန်းတွေမှာ အဓိကကျတဲ့ စောင့်ကြည့်ခြင်း စိစစ်အတည်ပြုခြင်း၊ ပြဿနာကို ဖြေရှင်းပေးခြင်းစတဲ့ လုပ်ငန်းတွေမှာ စိစစ်အတည်ပြုခြင်းနဲ့ ပြဿနာများကို ဖြေရှင်းပေးခြင်းကို ဆောင်ရွက်နိုင်ပေမယ့် စောင့်ကြည့်ခြင်းလုပ်ငန်းတွေမှာတော့ အားနည်းနေတယ်၊ ကျွန်တော်တို့ဖွဲ့ထားတဲ့ JMC-U၊ JMC-S၊ JMC-L တွေ အားလုံးက မြို့ပေါ်မှာပါ၊ တကယ်ဖြစ်ပျက်နေတာက တောထဲကကျေးရွာတွေမှာ ဖြစ်ပါတယ်၊ တောထဲကကျေးရွာတွေမှာဆိုတော့ အဲဒီမှာရှိတဲ့ အရပ်သားတွေကို စောင့်ကြည့်နိုင်အောင် LCM တွေ ဖွင့်ပေးဖို့ လိုပါမယ်၊ နိဂုံးချုပ်အနေနဲ့ နှစ်ဖက်အဖွဲ့အစည်း တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေသာမကဘဲ ကျွန်တော်တို့ ပြည်သူတွေပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်လာအောင် စည်းရုံးတိုက်တွန်းရမှာပါ"ဟု ပြောကြားခဲ့သည်။

ယနေ့ကျင်းပသည့် JMC-U အစည်းအဝေးသို့ JMC-U အဖွဲ့ဝင်သစ်အဖြစ် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်က NCA စာချုပ် လက်မှတ်ရေးထိုးခဲ့သည့် မွန်ပြည်သစ်ပါတီ (NMSP) မှ တက်ရောက်ခဲ့သည်။


ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးသို့ JMC-U အဖွဲ့ဝင်များဖြစ်ကြသည့် တပ်မတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်သားကိုယ်စားလှယ်များအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) များနှင့် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L) များမှ ကိုယ်စားလှယ်များလည်း လေ့လာသူများအဖြစ် ပါဝင်တက်ရောက်ခဲ့ကြသည်။


**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**



**ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၃)ရပ်ကွက် သဟပုညကာရီမှော်ရုံ၌ မတ် ၁၉ ရက်တွင် ပုဇွန်တောင်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ်စိုးဝဏ္ဏ သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေး ဟောပြောစဉ်။**

ကြေးမုံ



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပု မျက်စိခွဲစိတ်ကုသနေမှု ကြည့်ရှုအားပေး



**စစ်တွေ မတ် ၂၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့ နံနက် ၈ နာရီခွဲတွင် စစ်တွေမြို့ ရွှေကရုဏာ စေတနာဆေးခန်း၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရွှေကရုဏာဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ရခိုင်ပြည်နယ်အတွင်းရှိ မျက်စိအတွင်းတိမ် ဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးနေမှုကို သွားရောက် ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ရွှေကရုဏာ စေတနာဆေးခန်းတွင် မျက်စိခွဲစိတ်ကုသပြီးသောလူနာများအား တွေ့ဆုံအားပေးစကားပြောကြားပြီး မျက်မှန်များတပ်ဆင်ပေးကြသည်။

ယင်းနောက် ရန်ကုန်မြို့မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကု ပါမောက္ခဒေါက်တာခင်ဥမ္မာခိုင်နှင့် ဆရာဝန်များ၊ သူနာပြုဆရာမများကို အားပေးစကားပြောကြားပြီး မျက်စိခွဲစိတ်မည့် လူနာများအား စမ်းသပ်နေမှု၊ မျက်စိခွဲစိတ်ကုသနေမှုတို့ကို လှည့်လည်ကြည့်ရှုသည်။ ရွှေကရုဏာဖောင်ဒေးရှင်းအနေဖြင့် မျက်စိဝေဒနာရှင်များကို မတ် ၁၉ ရက်မှစ၍ ခွဲစိတ်ကုသလျက်ရှိရာ လူနာနှစ်ရာကျော်ကို ခွဲစိတ်ကုသပေးခဲ့ပြီး ယနေ့တွင်လည်း ဆက်လက်ခွဲစိတ်ကုသလျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ အာကျိတ်တော်ကုန်းမဟာဗေယျသိဒ္ဓိပဋ္ဌာန်းကျောင်း၌ တတိယညေဝတီခေတ် သူရိယစက္ကမင်းလက်ထက်တွင် ဘုရားရှင်၏ တင်သားတော်ဓာတ် ကိန်းဝပ်တော်မူခဲ့သော စေတီတော်နေရာတွင် သူရိယစက္ကကောလင်းမြချမ်းညီစေတီ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်တွေမြို့ မဟာဗေယျသိဒ္ဓိအဓိဋ္ဌာန် ကျောင်းဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများအား ပြည်နယ်ဝန်ကြီးချုပ်က မင်္ဂလာအုတ်များကို ကပ်လှူပြီး ဆရာတော်ကြီးများက အုတ်မြစ်စီပေးတော်မူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အဓိဋ္ဌာန်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ မဏိရတနာဆရာတော်ကြီးထံမှ ရေစက်ချအနုမောဒနာတရား နာကြားကြကြောင်း သိရသည်။

အဆိုပါစေတီတော် တည်ဆောက်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့က အလှူငွေကျပ်သိန်းငါးဆယ်ကို မဟာဗေယျသိဒ္ဓိပဋ္ဌာန်းကျောင်းဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဓမ္မာစရိယစာမေးပွဲ ပထမနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၁၈ ခုနှစ် ဓမ္မာစရိယစာမေးပွဲ (ပထမနေ့)ကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့တွင် ဖြေဆိုကြရာ စာဖြေသံဃာတော်နှင့်သီလရှင်များ စာရင်းသွင်း ၁၇၈၅၁ ပါး အနက် ၁၅၀၀၅ ပါး ဖြေဆိုကြသဖြင့် ၈၄ ဒသမ ၀၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်ဘာသာ အစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှစပြီး ဇူလိုင်လ ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက် ၇ နာရီမှ ၈ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ မွန်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ညနေ ၃ နာရီမှ ညနေ ၅ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ ကယားဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းများဆောင်ရွက်

**နေပြည်တော် မတ် ၂၁**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့် ရဲတပ်ကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်တို့သည် မတ် ၂၀ ရက် နံနက် ၉ နာရီ မိနစ် ၅၀ မှ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်အထိ မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်ခြားမှတ်တိုင် ၃၈ မှ ၃၉ အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်ခဲ့သည်။

ထို့အတူ မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့် ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်တို့သည် မတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် နှစ်နိုင်ငံပူးပေါင်း၍ ရေယာဉ် ၄ စင်းဖြင့် နတ်မြစ်တစ်လျှောက် ရေမိုင်ညှိနှိုင်း လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နှစ်ဖက်ညှိနှိုင်း၍ ကင်းလှည့်ခြင်း (Coordinated Patrol) ကို မတ် ၂၀ ရက်မှ ၂၇ ရက်အတွင်း နယ်ခြားမှတ်တိုင် ၃၉ မှ ၄၂ အထိလည်းကောင်း၊ မတ် ၂၇ ရက် နောက်ပိုင်းတွင် နယ်ခြားမှတ်တိုင်အမှတ် ၄၂ မှ ၄၅ အထိလည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဦးပိန်တံတားပေါ်ရှိ ဆိုင်ခန်းများ ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းမည်

**မန္တလေး မတ် ၂၁**

မန္တလေး အမရပူရမြို့နယ်အတွင်းရှိ ဦးပိန်တံတားပေါ်တွင် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများကို ဥပဒေနည်းလမ်းတကျ အရေးယူဖယ်ရှားရှင်းလင်းမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး တောင်သမန်အင်းနှင့် ဦးပိန်တံတားဝန်းကျင်သန့်ရှင်းသာယာရေး၊ ရေရှည်တည်တံ့ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသစ်က ပြောသည်။

အဆိုပါဆိုင်ခန်းများဖယ်ရှားရှင်းလင်းရန် ယခင်ရှိခဲ့သည့် ဦးပိန်တံတားကြီးကြပ်မှုကော်မတီနှင့် တောင်သမန်အင်းလေ့လာစောင့်ကြည့်ရေးကော်မတီနှစ်ရပ်ကို မတ် ၁၉ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ပြုလုပ်သော အစည်းအဝေးတွင် တောင်သမန်အင်းနှင့် ဦးပိန်တံတားဝန်းကျင်သန့်ရှင်းသာယာရေး၊ ရေရှည်တည်တံ့ရေးကော်မတီအဖြစ် တစ်ခုတည်းပေါင်းစည်းခဲ့ပြီး ကော်မတီအစည်းအဝေးမှ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အရင်ရှိခဲ့တဲ့ ကော်မတီနှစ်ရပ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုတင်ပြပြီး တစ်ခုတည်းပေါင်းလိုက်တယ်။ အဲဒီ ကော်မတီမှာ ကျွန်တော်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ဒုတိယမြို့တော်ဝန် ဦးရဲမွန်က ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူထားတယ်၊ တံတားပေါ်မှာဖွင့်ထားတဲ့ ဆိုင်တွေကို ဥပဒေနည်းလမ်းတကျအရေးယူဆောင်ရွက် ဖယ်ရှားမယ်၊ မလုပ်လို့တော့ မဖြစ်ဘူး၊ ဒါက အားလုံးရဲ့ ဆုံးဖြတ်ချက်အရ ဖယ်ရှားရှင်းလင်းဖို့ အဓိက သက်ဆိုင်တဲ့ ဌာနဆိုင်ရာတွေဖြစ်တဲ့ စည်ပင်၊ ရှေးဟောင်း၊ အုပ်ချုပ်ရေးအဖွဲ့တွေကို ရှင်းခိုင်းလိုက်ပြီ၊ တံတားပေါ်မှာရှိတဲ့ ဆိုင်ခန်းတွေက အသက်အရွယ်ကြီးရင့်နေတဲ့ အဘိုးကြီး ဦးပိန်တံတားပေါ်မှာ အဆင်ခြင်မဲ့၊ အသိတရားမဲ့ လုပ်နေကြတယ်" ဟု ၎င်းက ပြောကြားသည်။

လက်ရှိတွင် ဦးပိန်တံတားပေါ်ရှိ ဆိုင်ခန်းများ ရှင်းလင်းရေးအတွက် စိစစ်သုံးသပ်ချက်များကို တိုင်းဒေသကြီးအစိုးရထံ တင်ပြထားသည့်စာရင်းများအရ တံတားပေါ်နှင့် တံတားအောက်တွင် ဆိုင်ခန်းပေါင်း ၆၄ ဆိုင်၊ တောင်မင်းကြီးဘုရားဝန်းကျင်တွင် ဆိုင်ခန်း ၈၀၊ တောင်သမန်အင်းဝန်းကျင်တွင် ၁၃ ဆိုင်နှင့် မည်စည်တန်းတွင် သုံးဆိုင်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က အရင်ကတည်းက သူတို့ကို တံတားပေါ်မှာ နေရာချထားပေးတာမဟုတ်တဲ့အတွက် ဖယ်ရှားရှင်းလင်းပြီးရင်လည်း နေရာအစားပြန်ပေးဖို့ အစီအစဉ်မရှိပါဘူး၊ တံတားပေါ်မှာရှိတဲ့ ဆိုင်ခန်းတွေကိုဖယ်ရှားပြီးရင် အင်းပတ်လည်က ဆိုင်ခန်းတွေကိစ္စကိုတော့ နောက်အစီအစဉ်တစ်ခုအနေနဲ့ လုပ်သွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တောင်သမန်အင်းနှင့် ဦးပိန်တံတားဝန်းကျင်သန့်ရှင်းသာယာရေး၊ ရေရှည်တည်တံ့ရေးကော်မတီမှ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေး၊ ခရီးသွားကဏ္ဍတိုးတက်ရေး၊ ဦးပိန်တံတားပေါ်သို့လာရောက်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားများ အဆင်ပြေစေရေးတို့အတွက် ရှေ့ဆက်လုပ်ဆောင်မည့် အစီအစဉ်များကို ဆွေးနွေးသည်။



ယင်းဆွေးနွေးပွဲသို့ တက္ကသိုလ်များမှ သမိုင်းပါမောက္ခများ၊ မြို့မိ မြို့ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဗိသုကာကောင်စီမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဘားအံမြို့၌ ရှစ်နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး မုဒိမ်းကျင့်ခံရ

**ဘားအံ မတ် ၂၁**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁)ရပ်ကွက်နေ မပန်းအိဖြူက ၎င်း၏ ညီမဖြစ်သူ မ×××× ရှစ်နှစ်အား တစ်ရပ်ကွက်တည်းနေ အောင်တင်ထွေး(ခ)ဘနစ်နှင့် အောင်မြင့်(ခ)ဟာမစ်တို့နှစ်ဦးက မုဒိမ်းကျင့်ခဲ့၍ အရေးယူပေးရန် မတ် ၁၉ ရက် ညနေ ၆ နာရီက ဘားအံမြို့မရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၈ ရက် ညနေ ၇ နာရီတွင် မပန်းအိဖြူနှင့်ခင်ပွန်းဖြစ်သူ ကိုသက်နိုင်(ခ)စဒစ်တို့ နှစ်ဦး နေအိမ်တွင် ရှိနေစဉ် အတူနေထိုင်သော ညီမငယ်ဖြစ်သူ မ×××× ရှစ်နှစ်မှာ အော်ဟစ်ငိုယိုကာ ရောက်ရှိလာသဖြင့် မေးမြန်းခဲ့ရာ ညီမဖြစ်သူသည် နေအိမ်ရှေ့တွင် ဆော့ကစားနေစဉ် တစ်ရပ်ကွက်တည်းနေ အောင်မြင့်(ခ)ဟာမစ် ၃၈ နှစ်နှင့် အောင်တင်ထွေး(ခ)ဘနစ် ၃၀ နှစ်တို့ နှစ်ဦးက ချုံပုတ်အတွင်းသို့ ခေါ်ဆောင်ပြီး အောင်မြင့်(ခ)ဟာမစ်က မ×××× အား မဖွယ်မရာပြုလုပ်၍ အောင်တင်ထွေး (ခ)ဘနစ်က မ×××× အား မုဒိမ်းကျင့်ခဲ့ကြောင်း သိရသဖြင့် အရေးယူပေးရန် ဘားအံမြို့မ ရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အောင်တင်ထွေး(ခ)ဘနစ်နှင့် အောင်မြင့်(ခ)ဟာမစ်တို့ နှစ်ဦးအား ဖမ်းဆီးကာ ဘားအံမြို့မရဲစခန်းက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**







## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ် ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၉ စီး၊ သွင်းကုန် ၇၈၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ၄၆ စီး၊ သွင်းကုန် ၁၃၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၃၃၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄၃၈ သန်းခန့်) စုစုပေါင်းတားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၇၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် မတ် ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် CANTER ခြောက်ဘီးယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ဖရဲသီးများဖြင့် ဖုံးအုပ်၍ သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၆၅ တုံး (၁ ဒသမ ၇၃၀၈ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၁၉၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**

## စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၁**

မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် တာချီလိတ်မြို့ ကျောက်တောင်ကျေးရွာနေ ရဖီ(ခ)မုတ်ဆိတ်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉၀ ကိုလည်းကောင်း၊ ယင်းနေ့ နံနက် ၁၁ နာရီက တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ရေယားကျေးရွာအနီးတွင် ကျော်ကျော်လတ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်းခြောက်ကီလိုကို လည်းကောင်း၊ မတ် ၁၉ ရက် ည ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးဂိတ်တွင် ရန်ပီးနှင့် ဗျာလေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အားရှာဖွေရာ ဗျာလေးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀၊ ည ၁၁ နာရီတွင် အောင်ကျော်မိုး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အားရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၅ ပြားနှင့် ဘိန်းဖြူ သုညဒသမ ၁၂၀ ကီလိုကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၉ ရက်ည ၁၁ နာရီ ခန့်က ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက် မီးပွိုင့်အနီးတွင် ကျော်ဝင်း(ခ)ဗသျှီဒွလ္လာထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ကို လည်းကောင်း၊ ယင်းနေ့ ည ၁၀ နာရီက မောင်တောမြို့နယ် လသာကျေးရွာနေ အဒူရော်ရှီး၏နေအိမ် အောက်ထပ်သစ်ပုံများကြားမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**အဒူရော်ရှီးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်**

## ပခုက္ကူမြို့နယ်တွင် ဆီပီပါတင်ယာဉ်တစ်စီး မီးလောင်

**ပခုက္ကူ မတ် ၂၁**

ပခုက္ကူ-မြိုင်ကားလမ်း ပခုက္ကူမြို့နယ် ကိုးပင်ကျေးရွာအနီး ဆီပီပါများတင်ဆောင်ထားသော မော်တော်ယာဉ်တစ်စီး မတ် ၂၀ ရက်ည ၇ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ပခုက္ကူမြို့နယ် ကိုးပင်ကျေးရွာအနီး ပခုက္ကူ-မြိုင်ကားလမ်း မိုင်တိုင် လေးမိုင် ခြောက်ဖာလုံအနီး မြိုင်ဘက်မှ ပခုက္ကူဘက်သို့ ဒီဇယ်ပီပါ ၁၇ လုံး တင်ဆောင်လာသည့် YGN 3G/--- ခြောက်ဘီးယာဉ်သည် မတ် ၂၀ ရက် ည ၇ နာရီခွဲခန့်က မီးလောင်ကျွမ်းခဲ့ခြင်းကြောင့် ယာဉ်ပေါ်ပါ ဒီဇယ်ပီပါ ၁၇ လုံး အတွင်းမှ ဒီဇယ်ဂါလန် ၁၅၀ ခန့် မော်တော်ယာဉ်နှင့် မီးအပူရှိန်ကြောင့် ပခုက္ကူမြို့ အမှတ်(၂) ဓာတ်အားခွဲရုံမှ ကိုင်းကျေးရွာသို့ ဆက်သွယ်ထားသည့် 11KV မီးကြိုး သုံးချောင်း ပြတ်ကျသဖြင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်းများ ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ပခုက္ကူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၁)နှင့် အမှတ်(၃)ရပ်ကွက်တို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ် ခြောက်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ည ၈ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများက စုံစမ်းစစ်ဆေးလျက်ရှိပြီး လူ၊ တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**



## တောင်ကုတ်မြို့နယ်တွင် စက်လှေတစ်စင်း ကျောက်ဆောင်နှင့်တိုက်မိ၍ တိမ်းမှောက်

**တောင်ကုတ် မတ် ၂၁**

တောင်ကုတ်မြို့နယ် မှုံဟင်းတောကျေးရွာဆိပ်ကမ်းမှ မာန်အောင်မြို့သို့ ထွက်ခွာသွားသည့် ကုန်တင်ရေယာဉ်တစ်စင်းမှာ ကျောက်ဆောင်နှင့်တိုက်မိ၍ တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၀ ရက် ည ၁၁ နာရီတွင် တောင်ကုတ်မြို့နယ် မှုံဟင်းတောဆိပ်ကမ်းမှ မာန်အောင်မြို့သို့ စားဆီ၊ ဒီဇယ်ဆီပီပါများနှင့် စားသောက်ကုန်ပစ္စည်းများ တင်ဆောင်ကာ ထွက်ခွာလာသည့် ရေလှိုင်းပြာရေယာဉ်သည် ဂျီပြင်ကျေးရွာ အုပ်စု နတ်ကန်ရေပေါက်တွင် ညအိပ်ရပ်နားပြီး မတ် ၂၁ ရက် နံနက် ၆ နာရီခွဲ ဒီရေတက်ချိန် မာန်အောင်သို့ ဆက်လက်ထွက်ခွာစဉ် ကျောက်ဆောင်နှင့်တိုက်မိ၍ တိမ်းမှောက်သွားခဲ့သည်။

အဆိုပါစက်လှေပေါ်တွင် ပါရှိသည့် ပဲ့နင်း ဦးသာဟန်နှင့် လှေလုပ်သား သုံးဦးတို့အား အနီးရှိ နတ်ကန်ကျေးရွာမှ ရွာသားအချို့နှင့် ငါးဖမ်းလှေများက ကူညီကယ်ဆယ်နိုင်ခဲ့ပြီး ဆီပီပါများကိုပါ ဆယ်ယူနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

### Entertainment Channel

**၂၂-၃-၂၀၁၈ (ကြာသပတေးနေ့)**

| | |
|---|---|
| ၀၅း၀၀ | အဖွင့် သာယာငြိမ့်အေးမင်္ဂလာတေး |
| ၀၅း၁၅ | ပြည်သူ့နီတိ "ရိုသေစွာကိုင်တွယ်ခြင်းဖြင့်" |
| ၀၅း၄၀ | ဆန်းသစ်လှပ မြန်မာ့အက |
| ၀၅း၅၅ | Scented Buddha Images |
| ၀၆း၀၀ | Travelogue: To my dream city (Part-1) |
| ၀၆း၃၀ | Director:Thiha Kyaw Soe |
| ၀၆း၄၅ | Mogok: The Colourful Land of Rubies |
| ၀၇း၀၀ | Surprise Meals |
| ၀၇း၂၀ | The Two Brilliant Mountaineers Mt. Everest |
| ၀၇း၄၅ | ရင်ထဲစွဲထင် တေးဂန္ထဝင် |
| ၀၈း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၀) |
| ၀၈း၃၅ | MRTV Entertainment Music |
| ၀၉း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၈၃) |
| ၀၉း၃၀ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၀၉း၄၅ | ကာတွန်းအစီအစဉ် "Stuart Little 1" |
| ၁၁း၀၅ | Surprise Meals |
| ၁၁း၃၀ | ဆန်းသစ်လှပ မြန်မာ့အက |
| ၁၁း၄၅ | မြန်မာဗီဒီယိုဇာတ်လမ်း "တိုရှည်" |
| ၁၃း၄၅ | Running Man (Ep-316) |
| ၁၄း၂၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၀) |
| ၁၅း၀၀ | ရင်ထဲစွဲထင် တေးဂန္ထဝင် |
| ၁၅း၂၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၈၃) |
| ၁၅း၅၅ | မြန်မာဗီဒီယိုဇာတ်လမ်း "ကြယ်နှင့်အတူ ပျံသန်းနေသော" |
| ၁၇း၁၀ | Scented Buddha Images |
| ၁၇း၁၅ | Paper Flower |
| ၁၇း၃၀ | ကာတွန်းအစီအစဉ် "Chhota Bheem (Episode-22)" |
| ၁၈း၀၀ | Running Man (Ep-317) |
| ၁၈း၄၀ | MRTV Entertainment Music |
| ၁၉း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၁) |
| ၁၉း၃၀ | ကြယ်စင်တို့ရဲ့ အိပ်မက် (အပိုင်း-၂) |
| ၂၀း၀၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၈၄) |
| ၂၀း၃၀ | Game Show "10 toMillion Myanmar"(Epi-102) |
| ၂၁း၂၀ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၂၁း၃၀ | မြန်မာဗီဒီယိုဇာတ်လမ်း "အသက်သွင်းလိပ်ပြာ" |
| ၂၃း၃၅ | Scented Buddha Images |
| ၂၃း၄၀ | Travelogue: To my dream city (Part-1) |

**၂၃-၃-၂၀၁၈ (သောကြာနေ့)**

| | |
|---|---|
| ၀၀း၀၅ | Paper Flower |
| ၀၀း၁၅ | Director:Thiha Kyaw Soe |
| ၀၀း၃၀ | ကာတွန်းအစီအစဉ် "Stuart Little 1" |
| ၀၁း၅၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၁) |
| ၀၂း၂၀ | ဆန်းသစ်လှပ မြန်မာ့အက |
| ၀၂း၃၅ | ပြည်သူ့နီတိ "ရိုသေစွာကိုင်တွယ်ခြင်းဖြင့်" |
| ၀၃း၀၀ | မြန်မာရုပ်ရှင် "ရွှေနန်းသာစံအိမ်" |
| ၀၅း၀၀ | အစီအစဉ်ပြီး၏။ |

# ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ အင်္ဂလန်အခြေစိုက်ကစားသမားများ ဒဏ်ရာရမည်ကို ဘယ်လ်ဂျီယံနည်းပြ မာတီနက်ဇ် စိတ်ပူနေ

**ဘယ်လ်ဂျီယံအသင်းနည်းပြ မာတီနက်ဇ်ဟာ အင်္ဂလန်ပရီမီယာလိဂ်ကို အခြေစိုက်ထားတဲ့ ဘယ်လ်ဂျီယံကစားသမားတွေ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ဒဏ်ရာရမည်ကို စိုးရိမ်နေတယ်လို့ ပြောကြားထားပါတယ်။ ဘယ်လ်ဂျီယံအသင်းဟာ ဒီကနေ့မှာ လာမယ့်အင်္ဂါနေ့မှာ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်အဖြစ် ဆော်ဒီအာရေဗီးယားအသင်းနဲ့ ကစားဖို့ ရှိနေပြီး အဲဒီပွဲစဉ်အတွက် ကစားသမားရွေးချယ်ခဲ့ရာမှာလည်း အင်္ဂလန်ပရီမီယာလိဂ်ကို အခြေစိုက်နေတဲ့ ကစားသမား ၁၀ ဦးအထိ ပါဝင်ခဲ့တယ်လို့ သိရပါတယ်။**



နည်းပြမာတီနက်ဇ်ရဲ့ ဘယ်လ်ဂျီယံအသင်းဟာ အခု ၂၀၁၈ ခုနှစ်ဇွန်လမှာ ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်အသင်းနဲ့တစ်အုပ်စုတည်းကျရောက်ခဲ့တာဖြစ်ပြီး အင်္ဂလန်အသင်းဟာလည်း အင်္ဂလန်အခြေစိုက်ကစားသမား အများစုပါဝင်နေတာမို့ ဘယ်လ်ဂျီယံအသင်းအတွက်ရော အင်္ဂလန်အသင်းအတွက်ပါ စိတ်ပူမိတယ်လို့ ဆိုပါတယ်။

လက်ရှိကျင်းပနေတဲ့ အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲဟာ မေ ၁၃ ရက်မှာ ကျင်းပပြီးစီးမှာဖြစ်သလို ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲဟာ ဇွန် ၁၄ ရက်မှာ စတင်မှာဖြစ်လို့ အဲဒီပြိုင်ပွဲနှစ်ခုရဲ့ကြား ကစားသမားတွေနားချိန်တစ်လကျော်သာရှိနေခဲ့ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပထမပွဲဦးထွက်ပွဲစဉ်အဖြစ် ဇွန် ၁၈ ရက်မှာ ပနားမားအသင်းနဲ့ ကစားရမှာဖြစ်ပြီး အင်္ဂလန်အသင်းကတော့ အဲဒီတစ်ရက်တည်းမှာပဲ တူနီးရှားအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းအနေနဲ့ အခုလထဲမှာ ချစ်ကြည်ရေးပွဲစဉ်အဖြစ် ဆော်ဒီအာရေဗီးယားအသင်းနဲ့ တစ်ပွဲသာရှိပေမယ့် ကမ္ဘာ့ဖလားမတိုင်မီ သွေးပူလေ့ကျင့်ခန်းအဖြစ်ကစားမယ့်ပွဲစဉ် သုံးပွဲအထိရှိနေပါတယ်။ အဲဒီပွဲစဉ်တွေကတော့ ဇွန် ၂ ရက်မှာ ပေါ်တူဂီအသင်း၊ ဇွန် ၆ ရက်မှာ အီဂျစ်အသင်းနဲ့ ဇွန် ၁၁ ရက်မှာ ကော်စတာရီကာအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ဘယ်လ်ဂျီယံနိုင်ငံရဲ့ လက်ရှိလက်ရွေးစင်အသင်းမှာဆိုရင် စပါးကစားသမားသုံးဦးဖြစ်တဲ့ ဗာတွန်ဂန်၊ အယ်လ်ဒါဝီးလ်နဲ့ ဒန်ဘီလီ၊ ချယ်လ်ဆီးကစားသမားနှစ်ဦးဖြစ်တဲ့ ကော်တိုရစ်နဲ့ အေဒင်ဟာဇက်၊ မန်ယူကစားသမားနှစ်ဦးဖြစ်တဲ့ ဖယ်လိုင်နီနဲ့ လူကာကူ၊ မန်စီးတီးကစားသမားနှစ်ဦးဖြစ်တဲ့ ကီဗင်ဒီဘရိုင်းနဲ့ ကွန်ပနီတို့ ပါဝင်နေတာဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းနဲ့ အင်္ဂလန်အသင်းတို့ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့်တတိယပွဲစဉ်မှာ ထိပ်တိုက်တွေ့နေပါတယ်။ အဲဒီပွဲစဉ်ကို ဇွန် ၂၈ ရက်မှာ ကာလီနင်ဂရက်ကွင်းထဲမှာ ယှဉ်ပြိုင်ကစားရမှာဖြစ်သလို အဲဒီဘယ်လ်ဂျီယံအသင်းနဲ့ အင်္ဂလန်အသင်းတို့ဟာ ၁၆ သင်းအဆင့်အထိ တက်လှမ်းနိုင်ဖို့ မျှော်လင့်ထားကြတာဖြစ်ပါတယ်။

နည်းပြမာတီနက်ဇ်က ဘယ်လ်ဂျီယံအသင်းအတွက် စိတ်ပူနေသလို အင်္ဂလန်နည်းပြ ဆောက်ဂိတ်ကလည်း ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပဖို့ ရက် ၉၀ နီးပါးသာကျန်တော့တဲ့အချိန်အထိ ကစားသမားရွေးချယ်မှုကို တိတိကျကျ မဆုံးဖြတ်နိုင်သေးပါဘူး။

အဲဒါကြောင့် အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်အနေနဲ့ မတ် ၂၃ ရက်နဲ့ မတ် ၂၇ ရက်တို့မှာ ကစားရမယ့် နယ်သာလန်အသင်း၊ အီတလီအသင်းတို့နဲ့ ပွဲစဉ်တွေကနေ ရရှိလာတဲ့ ရလဒ်တွေအတိုင်း ဆက်လက်ဆောင်ရွက်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# လုခ်ရှောမှာ ကမ္ဘာ့အကောင်းဆုံးကစားသမားများထဲမှ တစ်ဦးဖြစ်လာနိုင်ကြောင်း အက်ရှ်လေယန်း ပြောကြား

မန်ယူနောက်တန်းကစားသမား လုခ်ရှောသည် ကမ္ဘာ့အကောင်းဆုံးနောက်တန်းကစားသမားများထဲမှ တစ်ဦးဖြစ်လာနိုင်ကြောင်း မန်ယူအသင်းကစားဖော် အက်ရှ်လေယန်းက ပြောကြားလိုက်သည်။ နောက်တန်းကစားသမား လုခ်ရှောသည် ၂၀၁၄ ခုနှစ်အတွင်းက ပြောင်းရွှေ့ကြေးပေါင် ၂၇ သန်းဖြင့် ဆောက်သမ်တန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်

လုခ်ရှော၏ လက်ရှိမန်ယူအသင်းနှင့် စာချုပ်သက်တမ်းသည် ၂၀၁၉ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း ယခုနွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း မန်ယူအသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်း သတင်းများထွက်ပေါ်နေသူဖြစ်သည်။

လုခ်ရှောသည် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ ပွဲစဉ်ခုနစ်ပွဲသာ ပါဝင်ကစားခွင့်ရရှိထားခဲ့သူဖြစ်ပြီး ၂၀၁၇ ခုနှစ် မတ်လမှ စတင်ကာ အင်္ဂလန်အသင်းတွင် ပွဲထွက်ကစားခွင့်ပျောက်ဆုံးခဲ့ရသူဖြစ်သည်။ လက်ရှိတွင်မူ နောက်တန်းကစားသမား လုခ်ရှောအား ပရီမီယာလိဂ်ပြိုင်ဘက်ကလပ်အသင်းတစ်သင်းဖြစ်သည့် အဲဗာတန်အသင်းက စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။







# မန်ယူတွင် ဆက်ရှိ၊ မရှိကို တပ်အပ်မပြောနိုင်ကြောင်း တိုက်စစ်မှူး မာရှယ်လ်၏ အေးဂျင့်ဆို

မန်ယူတိုက်စစ်မှူး မာရှယ်လ်၏ အေးဂျင့်ဖိလစ်ပီလန်ဘိုလေက မာရှယ်လ်အနေဖြင့် လာမယ့်နွေ မန်ယူတွင် ဆက်ရှိ၊ မရှိဆိုသည်ကို လတ်တလော မပြောနိုင်ကြောင်း ပြောကြားလိုက်ခြင်းဖြင့် မာရှယ်လ်ကို အလိုရှိနေသည့် အာဆင်နယ်၊ ဂျူဗင်တပ်အသင်းများကို တပ်လှန့်လိုက်ပြီဖြစ်သည်။

လန်ဘိုလေက" မာရှယ်လ် လာမယ့်နွေ အသင်းကနေ ထွက်ခွာမှာလား၊ ဒီအခိုက်အတန့်မှာတော့ ကျွန်တော်ဘာကိုမှ မပြောနိုင်သေးပါဘူး"ဟု ဘီယန်ကိုနီယို သတင်းဌာနသို့ ဖြေကြားခဲ့သည်။ ပြီးခဲ့သည့်ရက်ပိုင်းက ဂျူဗင်တပ်အသင်းဒါရိုက်တာ နက်ဗက်နှင့် လန်ဘိုလေတို့ လန်ဒန်မြို့ ဟိုတယ်တစ်ခုတွင် တွေ့ဆုံခဲ့ကြကြောင်း သတင်းများ ထွက်ပေါ်လာပြီးနောက် လန်ဘိုလေက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီဈေးကွက်အတွင်း တိုက်စစ်မှူး ဆန်းချက်ဇ် မန်ယူသို့ ရောက်ရှိလာပြီးနောက် မန်ယူ၏ တိုက်စစ်ပိုင်းတွင် ပြိုင်ဆိုင်မှုပြင်းထန်နေပြီး ရက်ရှ်ဖို့ဒ်၊ မာတစ်နှင့် လင်းဂတ်တို့နှင့်အပြိုင် မာရှယ်လ်မှာ ပွဲထွက်ခွင့်ရရန် ရုန်းကန်နေရခြင်းဖြစ်သည်။ မာရှယ်လ်ကို ဂျူဗင်တပ်က အလိုရှိနေသည်မှာ ကာလအတန်ကြာမြင့်ခဲ့ပြီဖြစ်ပြီး အာဆင်နယ်ကလည်း တိုက်စစ်ပိုင်း အင်အားဖြည့်တင်းရန် ကြိုးပမ်းလာရာ မန်ယူနှင့် မာရှယ်လ်တို့ အနာဂတ် ဘယ်လိုရှိမည်ဆိုသည်မှာ မီဒီယာသမားများအတွက် မေးခွန်းထုတ်စရာ ဖြစ်နေခဲ့သည်။

မန်ယူနည်းပြ မော်ရင်ဟိုက လက်ရှိ မန်ယူအသင်းလူစာရင်းကို အားရမှုမရှိဘဲ လာမယ့်နွေတွင် အပြောင်းအလဲများစွာ ပြုလုပ်ရန် စီစဉ်ထားရာ ပါရီဆစ်၊ ဖရက်နှင့် မက်တူဒီတို့ကို ခေါ်ယူရန် စီစဉ်နေပြီး အင်္ဂလန်နောက်ခံလူ လုခ်ရှောနှင့် စမောလင်း၊ အီတလီနောက်ခံလူ ဒါမီယန်၊ နယ်သာလန်နောက်ခံလူ ဒါလေဘလင်း၊ စပိန်ကွင်းလယ်လူ မာတာနှင့် ပြင်သစ်တိုက်စစ်မှူး မာရှယ်လ်တို့ကို ပြန်လည်ရောင်းချမည်ဟု ဒေလီးမေးလ်သတင်းစာက ဖော်ပြသည်။

**မေလဲ့သင်း - ရေးသားသည်**

# ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

### တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂.၈၇၄ | | ၇၂၇.၁၂၆ | | | | | | | | | ၇၃၀.၀၀၀ |
| | ပေါင်း | | ၂.၈၇၄ | | ၇၂၇.၁၂၆ | | | | | | | | | ၇၃၀.၀၀၀ |

### တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၆၂၀.၄၁၀ | | | | | | | | ၆၂၀.၄၁၀ |
| | ပေါင်း | | ၆၂၀.၄၁၀ | | | | | | | | ၆၂၀.၄၁၀ |

### နေပြည်တော်ကောင်စီ

ဇယား(၁၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၅.၈၂၄ | | ၃.၈၆၀ | | | | | | | | | ၄၉.၆၈၄ |
| | ပေါင်း | | ၄၅.၈၂၄ | | ၃.၈၆၀ | | | | | | | | | ၄၉.၆၈၄ |

### နေပြည်တော်ကောင်စီ

ဇယား(၁၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၆၉.၅၉၃ | | | ၂,၉၅၄.၆၃၁ | | | | | ၃,၂၂၄.၂၂၄ |
| | ပေါင်း | | ၂၆၉.၅၉၃ | | | ၂,၉၅၄.၆၃၁ | | | | | ၃,၂၂၄.၂၂၄ |

### နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၃၅၈.၈၆၇ | | ၁၂,၈၁၁.၈၀၃ | | ၅,၀၈၀.၇၆၂ | ၂၀.၆၆၀ | | | | | | ၁၈,၂၇၂.၀၉၂ |
| | ပေါင်း | | ၃၅၈.၈၆၇ | | ၁၂,၈၁၁.၈၀၃ | | ၅,၀၈၀.၇၆၂ | ၂၀.၆၆၀ | | | | | | ၁၈,၂၇၂.၀၉၂ |

ဆက်လက်ဖော်ပြပါမည်။

# စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**အခန်း (၅)**

**စာချုပ်စာတမ်းများကို မှတ်ပုံတင်သွင်းရန် အချိန်ကာလ**

၂၁။ နိုင်ငံတော်အတွင်းချုပ်ဆိုသည့် သေတမ်းစာမှတစ်ပါး အခြားစာချုပ်စာတမ်းများကို စာချုပ်ချုပ်ဆိုသည့်နေ့ရက်မှစ၍သော်လည်းကောင်း၊ တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ကို အမိန့်ချမှတ်သည့် နေ့ရက်မှစ၍သော်လည်းကောင်း ရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန် တင်ပြရမည်။ သို့ရာတွင် တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ကိုအယူခံဝင်လျှင် မှတ်ပုံတင်ရန် တင်ပြရမည့်ရက်ကို နောက်ဆုံးအယူခံဝင်သည့်ရုံးက အမိန့်ချမှတ်သည့် နေ့ရက်မှ စတင်ရေတွက်ရမည်။

၂၂။ စာချုပ်စာတမ်းတစ်ခုကို နှစ်ဦးထက်ပိုသူများက လက်မှတ်ရေးထိုးချုပ်ဆိုကြသဖြင့် လက်မှတ်ရေးထိုးချိန်ကွဲပြားလျှင် နောက်ဆုံးလက်မှတ်ရေးထိုးသည့် နေ့ရက်မှရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန် တင်ပြရမည်။

၂၃။ နိုင်ငံတော်အတွင်းချုပ်ဆိုသည့် သေတမ်းစာမှတစ်ပါး အခြားစာချုပ်စာတမ်းကိုသော်လည်းကောင်း၊ တရားရုံး၏ဒီကရီ သို့မဟုတ် အမိန့်ကိုသော်လည်းကောင်း ပုဒ်မ ၂၁ အရ သတ်မှတ်သည့်ကာလအတွင်း အကြောင်းတစ်စုံတစ်ရာကြောင့် မှတ်ပုံတင်နိုင်ခြင်းမရှိဘဲ သတ်မှတ်ကာလကျော်လွန်ပြီးမှ မှတ်ပုံတင်ရန် တင်ပြသည့်ကိစ္စရပ်တွင်-

(က) မှတ်ပုံတင်လိုသူသည် မှတ်ပုံတင်ခွင့်ပြုရန် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

(ခ) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးမှတ်ပုံတင်ရန် သတ်မှတ်ကာလထက် ကျော်လွန်သည့်ကာလသည် ရက်ပေါင်း ၁၂၀ ထက် မပိုလျှင် သတ်မှတ်ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး မှတ်ပုံတင်ခွင့်ပြုနိုင်သည်။

၂၄။ နိုင်ငံတော်ပြင်ပတွင်ချုပ်ဆိုသော စာချုပ်စာတမ်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်လိုသူသည်-

(က) နိုင်ငံတော်အတွင်းသို့ ရောက်ရှိသည့်နေ့ရက်မှ ရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ တင်ပြသော စာချုပ်စာတမ်းကိုစိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်ပေးရမည်။

(ဂ) မှတ်ပုံတင်လိုသူက ပုဒ်မခွဲ (က) ပါ သတ်မှတ်ရက်ထက်ကျော်လွန်၍ မှတ်ပုံတင်ရန် တင်ပြလာခြင်းဖြစ်ပါက ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများကို ပစ္စည်းတည်ရှိရာ အရပ်ဒေသရှိ ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ရမည်။ အခြားစာချုပ်စာတမ်းများကို မည်သည့်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်မဆို မှတ်ပုံတင်ခွင့်ရှိသည်။

၂၆။ တရားရုံး ဒီကရီ သို့မဟုတ် အမိန့် တာဝန်ခံမိတ္တူကို အောက်ဖော်ပြပါ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်-

(က) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် သက်ဆိုင်ပါက မူလစီရင်ချက်ချမှတ်သည့် တရားရုံးတည်ရှိရာ ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်။

(ခ) ပုဒ်မခွဲ (က) နှင့် သက်ဆိုင်ခြင်းမရှိပါက မည်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်မဆို မှတ်ပုံတင်ခွင့်ရှိသည်။

၂၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိများသည် မိမိလက်အောက်ရှိ မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှတ်ပုံတင်ပေးသည့် မည်သည့်စာချုပ်စာတမ်းများကိုမဆို စစ်ဆေးရန်လိုအပ်ပါက စုံစမ်းစစ်ဆေးရေးမှူးအား တာဝန်ပေးအပ်၍ စစ်ဆေးစေနိုင်ခွင့် သို့မဟုတ် ဤဥပဒေနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားခွင့်ရှိသည်။

၂၈။ စုံစမ်းစစ်ဆေးရေးမှူးသည် ပုဒ်မ ၂၇ အရ တာဝန်ပေးအပ်လာပါက ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိကိုသော်လည်းကောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ ဝန်ထမ်းကို သော်လည်းကောင်း မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းနှင့် သက်ဆိုင်သူ မည်သူ့ကိုမဆို ဆင့်ဆို၍ စစ်ဆေးနိုင်ခွင့်ရှိသည်။

၂၉။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် သေတမ်းစာအပ်နှံခြင်းတို့ကို သာမန်အားဖြင့် ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ဆောင်ရွက်ရမည်ဖြစ်ပြီး အထူးကိစ္စအနေဖြင့် မှတ်ပုံတင်လိုသည့် ပုဂ္ဂိုလ်နေထိုင်ရာအိမ်သို့သွားရောက်၍ စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်းနှင့် သေတမ်းစာအပ်နှံခြင်းတို့ကို လက်ခံဆောင်ရွက်ခွင့်ရှိသည်။

**အခန်း(၆)**

**စာချုပ်စာတမ်းများကို မှတ်ပုံတင်ခွင့်ရှိသူများ**

၃၀။ ပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၈၁ ပါအချက်မှတစ်ပါး ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အောက်ပါပုဂ္ဂိုလ်တို့က စာချုပ်စာတမ်းများ မှတ်ပုံတင်ခွင့်ရှိသည်-

(က) စာချုပ်ချုပ်ဆိုကြသည့် ပုဂ္ဂိုလ်များ၊ တရားရုံး ဒီကရီ သို့မဟုတ် အမိန့်ဖြစ်လျှင် ယင်းဒီကရီ သို့မဟုတ် အမိန့်အရ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များ၊

(ခ) ပုဒ်မ ၃၊ ပုဒ်မခွဲ (ဇ) ပါ ပုဂ္ဂိုလ်များ၊

(ဂ) ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်များက ကိုယ်စားလှယ်အဖြစ် တရားဝင်ဆောင်ရွက်ပေးရန် လက်မှတ်ရေးထိုးလွှဲအပ်ထားသည့်အောက်ပါ ကိုယ်စားလှယ်လွှဲစာရရှိထားသူများ -

(၁) ကိုယ်စားလှယ်လွှဲအပ်သူသည် မြန်မာနိုင်ငံအတွင်းနေထိုင်ပါက လွှဲအပ်သည့်အချိန်တွင် နေထိုင်သည့် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိရှေ့မှောက်တွင် ကိုယ်စားလှယ်လွှဲအပ်ကြောင်း လက်မှတ်ရေးထိုး၍ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသည့် ကိုယ်စားလှယ်လွှဲစာရရှိထားသူ၊

(၂) ကိုယ်စားလှယ်လွှဲသူသည် မြန်မာနိုင်ငံပြင်ပတွင်နေထိုင်၍ ကိုယ်စားလှယ်လွှဲစာကို ပြည်ပ၌ပြုလုပ်ခဲ့ပြီး လာရောက်မှတ်ပုံတင်ခြင်းဖြစ်ပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးတွင် ခန့်အပ်တာဝန်ပေးအပ်ထားသည့် အရာရှိတစ်ဦးဦး၏ ထပ်ဆင့်ထောက်ခံချက် သို့မဟုတ် ယင်းအရာရှိ၏ ရှေ့တွင် ပြုလုပ်ထားသည့် ကိုယ်စားလှယ်လွှဲစာရရှိထားသူ။

၃၁။ (က) စာချုပ်စာတမ်းချုပ်ဆိုသူတို့သည် အားလုံးတစ်ပြိုင်တည်းဖြစ်စေ၊ တစ်ဦးချင်းစီဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

(ခ) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ တင်ပြလာသော စာချုပ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို စိစစ်ရမည်-

(၁) စာချုပ်စာတမ်းချုပ်ဆိုသူများသည် စာချုပ်စာတမ်းကို နှစ်ဦးနှစ်ဖက်သဘောတူ ချုပ်ဆိုခြင်း ဟုတ် မဟုတ်၊

(၂) စာချုပ်စာတမ်းချုပ်ဆိုသူများသည် ကိုယ်တိုင်လာရောက်မှတ်ပုံတင်ခြင်း ဟုတ် မဟုတ်၊

(၃) စာချုပ်စာတမ်းမှတ်ပုံတင်သူသည် စာချုပ်စာတမ်းချုပ်ဆိုသူများ၏ ကိုယ်စားပြုသူ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူများ ဟုတ်၊ မဟုတ်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ အချက်များသည် တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်နှင့် မသက်ဆိုင်စေရ။

၃၂။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များနှင့် ညီညွတ်ပါက စာချုပ်စာတမ်းကို လက်ခံ၍ မှတ်ပုံတင်ခွင့်ပြုနိုင်သည်-

(က) စာချုပ်စာတမ်း မှတ်ပုံတင်သူတို့ကို ကိုယ်တိုင်သိရှိခြင်း သို့မဟုတ် စာချုပ်စာတမ်း ချုပ်ဆိုသူများမှာ အမှန်ဖြစ်ကြောင်း အခြားတစ်နည်းနည်းဖြင့် သိရှိခြင်း၊

(ခ) စာချုပ်စာတမ်းမှတ်ပုံတင်သူ သို့မဟုတ် စာချုပ်စာတမ်းမှတ်ပုံတင်သူ၏ ကိုယ်စားပြုသူများ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူများက စာချုပ်စာတမ်းကိုချုပ်ဆိုကြောင်း ဝန်ခံခြင်း၊

(ဂ) စာချုပ်စာတမ်းချုပ်ဆိုသူ ကွယ်လွန်၍ ယင်းစာချုပ်စာတမ်းကို တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်အရ မှတ်ပုံတင်သွင်းလာခြင်း၊

(ဃ) မည်သည့်စာချုပ်စာတမ်းကိုမဆို မှတ်ပုံတင်သည့်အခါ မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တို့အရ သတ်မှတ်ထားသည့် အခွန်တံဆိပ် ခေါင်းကို လုံလောက်စွာ ကပ်ထားပြီးဖြစ်ခြင်း၊

(င) မိမိရှေ့သို့ ရောက်ရှိလာသူတို့သည် စာချုပ်စာတမ်းနှင့် သက်ဆိုင်သူများ မှန်ကန်ခြင်း။

၃၃။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် -

(က) မှတ်ပုံတင်သွင်းသောစာချုပ်တွင် ရေးသားဖော်ပြချက်များမှာ ချုပ်ဆိုသူတို့က မှန်ကန်စွာ ရေးသားချုပ်ဆိုကြောင်းကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးမေးမြန်းရမည်။

(ခ) စာချုပ်စာတမ်းမှတ်ပုံတင်သွင်းသူတို့က စာချုပ်ချုပ်ဆိုကြောင်း ဝန်ခံခြင်း ရှိ၊ မရှိကိုသာ စစ်ဆေးမေးမြန်းရမည်ဖြစ်ပြီး မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းအရ လွှဲပြောင်းသော ပစ္စည်း၏ ပိုင်ဆိုင်မှုကို စစ်ဆေးမေးမြန်းခြင်းမပြုရ။

၃၄။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များကို စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်ရန်ငြင်းပယ်ရမည်-

(က) စာချုပ်စာတမ်းချုပ်ဆိုသူတို့အနက် တစ်ဦးဦးက ယင်းစာချုပ်စာတမ်းကို ချုပ်ဆိုခြင်းမဟုတ်ကြောင်း ငြင်းဆိုခြင်း သို့မဟုတ် ဝန်မခံခြင်း၊

(ခ) စာချုပ်ချုပ်ဆိုသူသည် အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်သူ သို့မဟုတ် သတိပုံမှန်မရှိသူဟု ထင်မြင်ယူဆခြင်း၊

(ဂ) မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ချုပ်ဆိုသော စာချုပ်စာတမ်းများတွင် ပစ္စည်းစာရင်းအထောက်အထားများကို တိကျရှင်းလင်းစွာ ဖော်ပြမထားခြင်း၊

(ဃ) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းတစ်စုံတစ်ရာတွင် ပုဒ်မ ၂၀ ပါသက်သေခံမြေပုံနှင့် မြေရာဇဝင်ပူးတွဲပါဝင်ခြင်းမရှိသော စာချုပ်များကို မှတ်ပုံတင်သွင်းလာခြင်း။

**အခန်း (၇)**

**စာချုပ်စာတမ်းချုပ်ဆိုသူတို့နှင့်သက်သေတို့ကို ကင်းလွတ်ခွင့်ပြုခြင်း**

၃၅။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းနှင့်သက်ဆိုင်သူများ သို့မဟုတ် ကိုယ်စားလှယ်များကို စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းရေးအတွက် ရုံးသို့လာရောက်စေရန် ဆင့်ဆိုနိုင်သည်။

၃၆။ (က) အောက်ပါပုဂ္ဂိုလ်များသည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ လာရောက်ခြင်းမှ ကင်းလွတ်ခွင့်ရသည်-

(၁) စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့လာရောက်ရန် အခက်အခဲရှိသည့် ကျန်းမာရေး ချို့တဲ့နေသူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ၊

(၂) အကျဉ်းချထားခြင်း ခံနေရသူများ၊

(၃) တရားရုံးတော်သို့ လာရောက်ခြင်းမှ တည်ဆဲဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသည့်ပုဂ္ဂိုလ်များ။

(ခ) ပုဒ်မခွဲ (က) ပါပုဂ္ဂိုလ်များက စာချုပ်စာတမ်း မှတ်ပုံတင်ပေးရန် လျှောက်ထားလာပါက အဆိုပါပုဂ္ဂိုလ်များနေထိုင်ရာ နေအိမ်သို့ဖြစ်စေ၊ ဆေးရုံသို့ဖြစ်စေ၊ အကျဉ်းထောင်သို့ဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိကိုယ်တိုင် သွားရောက်ဆောင်ရွက်နိုင်ခြင်း သို့မဟုတ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးမှ ဝန်ထမ်းတစ်ဦးဦးကို ကော်မရှင်ခန့်စာ ထုတ်ဆင့်၍ ကိုယ်စားသွားရောက်ဆောင်ရွက်စေခြင်းပြုနိုင်သည်။

**အခန်း(၈)**

**သေတမ်းစာများအပ်နှံခြင်း**

၃၇။ သေတမ်းစာများကို မည်သည့်အချိန်ကာလတွင်မဆို အပ်နှံခွင့် သို့မဟုတ် မှတ်ပုံတင်သွင်းခွင့် ရှိသည်။

၃၈။ သေတမ်းစာရေးသားသူသည် သေတမ်းစာကို စာအိတ်တွင်ထည့်သွင်းချိပ်ပိတ်၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံတွင် အပ်နှံနိုင်သည်။

၃၉။ ပုဒ်မ ၃၈ အရ အပ်နှံသော သေတမ်းစာထည့်သွင်းချိပ်ပိတ်သည့် စာအိတ်တွင် အောက်ပါတို့ကို ရေးသားဖော်ပြရမည်-

(က) သေတမ်းစာရေးသားသူ၏ အမည် သို့မဟုတ် ကိုယ်စားလှယ်၏ အမည်၊

(ခ) သေတမ်းစာအမျိုးအစား၊

(ဂ) သေတမ်းစာ မှတ်ပုံတင်ရန် တင်ပြသည့် ရက်စွဲ၊

(ဃ) သေတမ်းစာပါ သက်သေတို့၏အမည်များ။

၄၀။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၃၈ အရ အပ်နှံသော သေတမ်းစာကိုစိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိရပါက အောက်ပါအချက်များကို မှတ်ပုံတင်စာအုပ်အမှတ် ၅ တွင် မှတ်တမ်းတင်ထားရှိပြီး ယင်းသေတမ်းစာကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ ဦးစီးဌာနမှထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာ၌ သိမ်းဆည်းထားရမည်-

(က) သေတမ်းစာအပ်နှံသည့် ခုနှစ်၊ လ၊ ရက်၊ နေ့နှင့် အချိန်၊

(ခ) သေတမ်းစာရေးသားသူ သို့မဟုတ် ကိုယ်စားလှယ်တို့၏ အမည်၊

(ဂ) သေတမ်းစာပါသက်သေတို့၏ အမည်များ၊

(ဃ) ချိပ်ပိတ်ထားသော သေတမ်းစာအိတ်ပါဖော်ပြချက်များ။

၄၁။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အပ်နှံထားသည့် သေတမ်းစာများကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားချက် လက်ခံရရှိလျှင် လျှောက်ထားသူကို မိမိထံအပ်နှံသည့် သေတမ်းစာရေးသားသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ် လွှဲအပ်ခံရသူ ဟုတ်၊ မဟုတ် စိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက သေတမ်းစာကို ပြန်လည်ထုတ်ပေးရမည်။

၄၂။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ ၃၈ အရ အပ်နှံထားသော သေတမ်းစာကို ရေးသားသူ ကွယ်လွန်သဖြင့် ချိပ်ပိတ်သေတမ်းစာကိုဖွင့်ပေးရန် လျှောက်ထားလျှင် သေတမ်းစာရေးသားသူ အမှန်တကယ် ကွယ်လွန်ခြင်း ရှိ၊ မရှိ စိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက လျှောက်ထားသူ၏ ကုန်ကျစရိတ်ဖြင့် သေတမ်းစာပါချိပ်ကို လျှောက်ထားသူ၏ ရှေ့မှောက်တွင်ဖွင့်၍ သေတမ်းစာပါ အကြောင်းအရာများကို မှတ်ပုံတင်စာအုပ်အမှတ် ၃ တွင် ရေးကူးမှတ်တမ်းတင်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်စာအုပ်၌ ရေးကူးပြီးလျှင် မူရင်းသေတမ်းစာကို စာချုပ်စာတမ်း မှတ်ပုံတင်ရုံးရှိ ဦးစီးဌာနမှထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာတွင် ပြန်လည်သိမ်းဆည်းထားရမည်။

(ဂ) သေတမ်းစာများကို တရားရုံးက တင်ပြရန်အကြောင်းကြားလျှင် တရားရုံးသို့ တင်ပြရမည်။

(ဃ) တရားရုံးသို့တင်ပြချိန်တွင် သေတမ်းစာ၏ချိပ်ကို မဖွင့်ရသေးလျှင် ပုဒ်မခွဲ (က) ပါအတိုင်း ဆောင်ရွက်၍ တရားရုံးသို့တင်ပြပြီးကြောင်း လက်ခံမှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်ထားရမည်။

**အခန်း(၉)**

**သေတမ်းစာနှင့် ကိတ္တိမသားသမီးမွေးစားခြင်း စာချုပ်မှတ်ပုံတင်ခြင်း**

၄၃။ သေတမ်းစာကို မှတ်ပုံတင်ရေးအတွက် သေတမ်းစာရေးသားသူကသော်လည်းကောင်း၊ သေတမ်းစာရေးသားသူ ကွယ်လွန်ပြီးဖြစ်လျှင် ယင်းသေတမ်းစာအရ အမွေထိန်းဖြစ်သူ သို့မဟုတ် သေတမ်းစာအရ တစ်နည်းနည်းဖြင့် သက်ဆိုင်သူကသော် လည်းကောင်း မှတ်ပုံတင်ရန် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဆေးဝါးစက်ရုံ(အင်ရောင်း)နှင့် ဆေးဝါးရတနာကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် အနာကျက်ဆေးရည်ထုတ်လုပ်ရေး အဆောက်အအုံဖွင့်

**ကျောက်ဆည် မတ် ၂၁**
စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်ရောင်း)နှင့် ဆေးဝါးရတနာကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Povidine (အနာကျက်ဆေးရည်) ထုတ်လုပ်မှုအဆောက်အအုံဖွင့်ပွဲကို မတ် ၂၀ ရက် နံနက် ၉နာရီတွင် ကျောက်ဆည်မြို့နယ် အင်ရောင်းကျေးရွာရှိ အဆိုပါဆေးဝါးစက်ရုံ၌ ကျင်းပသည်။

အဆောက်အအုံသစ်အား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်၊ ဆေးဝါးစက်ရုံ(အင်ရောင်း)စက်ရုံမှူး ဦးမျိုးနန္ဒနှင့် ဆေးဝါးရတနာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်ကျော်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမှတ်တမ်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ပက်ဖျန်းခဲ့ကြကာ အဆောက်အအုံသစ်နှင့် ဆေးဝါးထုတ်လုပ်နေမှုများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့နောက်ဆေးဝါးရတနာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာမှ Povidine ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က နိုင်ငံတော်၏ ဆေးဝါးလိုအပ်ချက်များအပေါ် ပိုမိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ယခုအစိုးရသစ်လက်ထက်တွင် ဆေးဝါးထုတ်လုပ်ရေး အဆောက်အအုံ ခြောက်ခုတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ထပ်မံဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ယခုအကျိုးတူပူးပေါင်းထုတ်လုပ်သည့် Povidine (အနာကျက်ဆေးရည်)ကို ဆေးရုံ၊ ဆေးခန်းနှင့် အိမ်သုံးဆေးရည်အဖြစ် တစ်နှစ်လျှင် 15ml(ဘူးသေး) တစ်သန်းနှင့် 500ml(ဘူးကြီး ) တစ်သိန်းထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လာမည့်ဧပြီလအတွင်း ဈေးကွက်သို့ စတင်ဖြန့်ချိရောင်းချသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီဆေးရည်က ဆေးဝါးဈေးကွက်မှာ ထိခိုက်ရှနာ၊ အပူလောင်တာတွေ၊ အရေပြားပေါ်မှာဖြစ်တတ်တဲ့ ယားယံခြင်းတွေနဲ့ ခွဲစိတ်မှုမပြုမီ ပိုးသန့်စင်ရန်နဲ့ ခွဲစိတ်ပြီးရင် ဒဏ်ရာအတွင်းကို ရောဂါပိုးမဝင်အောင် ကာကွယ်တဲ့နေရာတွေမှာ အဓိကအသုံးပြုတဲ့ဆေးဖြစ်ပါတယ်၊ ပြည်ပက မှာယူစရာမလိုဘဲ ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်တာကြောင့် ပြည်သူတွေအတွက် အကျိုးများပါတယ်"ဟု ဆေးဝါးစက်ရုံ(အင်ရောင်း)မှ စက်ရုံမှူး ဦးမျိုးနန္ဒက ပြောသည်။

ထို့အပြင် ဆေးဝါးရတနာကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်ကျော်သူကလည်း "ဒီဆေးက ဆေးရုံ၊ ဆေးခန်းနဲ့ အိမ်သုံးဆေးအဖြစ်တွင်ကျယ်စွာအသုံးပြုနေတဲ့ ဆေးဝါးဖြစ်တဲ့အတွက် နိုင်ငံတကာအဆင့်မီ ဆေးဝါးတွေကို ပြည်တွင်းမှာ ဈေးချိုချိုနဲ့ ဝယ်ယူသုံးစွဲနိုင်ဖို့ရည်ရွယ်ပြီး အခုလိုပူးပေါင်းလုပ်ဆောင်တာပါ၊ နိုင်ငံတော်က လုပ်ဆောင်နေတဲ့ PPP စနစ်နဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်တာကြောင့် အစိုးရနဲ့ ပုဂ္ဂလိက ကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်လာစေမှာ ဖြစ်သလို ပုဂ္ဂလိက လုပ်ငန်းရှင်တွေကို ဆေးဝါးထုတ်လုပ်တဲ့လုပ်ငန်းတွေမှာ လက်တွဲခေါ်လိုက်တဲ့သဘောပါပဲ၊ စက်မှုဝန်ကြီးဌာနက အရည်အသွေးထိန်းသိမ်းတဲ့အပိုင်းကို တာဝန်ယူထုတ်လုပ်ပြီး ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ကတော့ ဈေးကွက်ကို ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိနိုင်ဖို့ ဖြန့်ချိမှုအပိုင်းကို တာဝန်ယူလုပ်ဆောင်သွားမှာပါ"ဟု ပြောသည်။



စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းအောက်ရှိ ဆေးဝါးစက်ရုံ(အင်ရောင်း)မှ တစ်ခါသုံးဆေးထိုးအပ်သုံးမျိုး၊ သွေးကြောသွင်းဆေးရည် ငါးမျိုး၊ ထိုးဆေး ၁၇ မျိုး၊ ပဋိဇီဝထိုးဆေး ငါးမျိုး၊ မျက်စဉ်းဆေးတစ်မျိုးနှင့် ဆေးမှုန့်ခုနစ်မျိုးကို ထုတ်လုပ်လျက်ရှိပြီး ၂၀၁၆ - ၂၀၁၇ဘဏ္ဍာရေးနှစ်မှစ၍ ကျောက်ကပ်ခွဲစိတ်လူနာများတွင် အသုံးပြုရန် PS Solution(Irrigation Use)ဆေးရည် နှစ်မျိုးကိုတီထွင်ထုတ်လုပ်လာနိုင်ခဲ့ခြင်းကြောင့် လက်ရှိတွင် စုစုပေါင်းဆေးဝါးအမျိုး ပေါင်း ၄၀ကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကမ်းပြိုမှုကိုလျော့ပါးစေမည့် စလေ – ပခန်းငယ် ရေလမ်းကြောင်း ရေထိန်းရေကာတည်ဆောက်ရေးလုပ်ငန်း ဧပြီလအတွင်း ပြီးစီးမည်

**စလင်း မတ် ၂၁**
မြစ်ကမ်းပါးပြိုမှုဖြစ်စဉ်များမှာ ရေလမ်းကြောင်း မတည်ငြိမ်ခြင်းကြောင့် ဖြစ်ပေါ်နေရခြင်းဖြစ်ပြီး စလင်းမြို့နယ်အတွင်းရှိ စလေ-ပခန်းငယ် ရေလမ်းကြောင်း ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိသော ရေထိန်းရေကာတည်ဆောက်ရေး လုပ်ငန်းများ ဧပြီလအတွင်းပြီးစီးတော့မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။



"ရေလမ်းကြောင်း ကောင်းဖို့အတွက် ရေလမ်းထိန်းရေကာတွေလုပ်နေတာ နှစ်နှစ်ရှိခဲ့ပါပြီ၊ ၂၀၁၆-၁၇ ပြည်ထောင်စုဘတ်ဂျက် သန်း ၁၃၀ နဲ့ အလျားပေ ၂၄၀၀ ကျောက်ခင်း၊ မျှောရေကာ နှစ်ခုကို ဆောင်ရွက်ခဲ့ပါတယ်၊ ၂၀၁၇-၁၈မှာ ပြည်ထောင်စုဘတ်ဂျက် ကျပ်သန်း ၂၅၂ သန်း သုံးပြီး အလျားပေ ၃၂၀၀ ရှိတဲ့ Geo Bag ခင်း သုံးတန်းသွားရေကာ လုပ်ခဲ့ပါတယ်၊ လုပ်ငန်းရဲ့ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးပါပြီ၊ အခုလာမယ့် ဧပြီလမကုန်မီမှာ လုပ်ငန်းအားလုံးပြီးစီးနိုင်မယ်လို့ ခန့်မှန်းပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးဇော်လွင်က ပြောသည်။

ပြည်သူများ၏ နေထိုင်၊ စားသောက်မှုဆိုင်ရာ ဘဝတည်ငြိမ်မှုများအပေါ် သက်ရောက်မှုကြီးစွာဖြစ်ပေါ်နေသော ကမ်းပါးပြိုမှုဖြစ်စဉ်များမှာ ရေစီးလမ်းကြောင်းမတည်ငြိမ်မှုကြောင့်ဖြစ်ပြီး ကမ်းပါးပြိုမှုများလျော့နည်းသွားစေရန်အတွက် ရေလမ်းကြောင်းထိန်းသိမ်းရေးမှာ ပင်မအရေးကြီး လုပ်ငန်းဖြစ်ကြောင်း၊ ဒေသတွင်း လတ်တလောအခြေအနေမှာ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများကို ပို၍ ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်း ၎င်းက ဆိုသည်။

"ဧရာဝတီမြစ်ကြောင်းက တဖြည်းဖြည်း ပျက်စီးလာတာ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းလောက်မှာ အလွန်သိသာလာတယ်၊ ကျွန်တော်တို့က ရေကြောင်းကို ကိုယ်သွားစေချင်တဲ့လမ်းကို အသေအချာဖောက်ပြီး အခိုင်အမာ လုပ်ထားရင် ဘယ်မှ ကမ်းပြို ကမ်းစားလည်း ရှိစရာအကြောင်းမရှိဘူး၊ ရေကြောင်းကို သေချာဖောက်မထားရင် သူသွားချင်ရာ သွားမယ်၊ တစ်ဖက်ဖက်ကို ဦးတည်ပြီး ကာလိုက်ရင် နောက်တစ်ဖက်ကို ပြန်ဝိုက်သွားတယ်၊ ရေကြောင်းက တစ်သမတ်တည်းမဟုတ်တော့ဘူး၊ မကွေးတိုင်းဒေသကြီးထဲမှာ ကမ်းပြို ကမ်းစားဖြစ်တာ တော်တော်ကို ဆိုးတယ်"ဟု ညွှန်ကြားရေးမှူးဦးဇော်လွင် က လတ်တလောအခြေအနေကို သုံးသပ်ပြောဆိုသည်။

စလေ - ပခန်းငယ်ရေလမ်းကြောင်း ကောင်းမွန်ရေးလုပ်ငန်းမှာ ၁၉၈၆ခုနှစ်က ကမ္ဘာ့ဘဏ်အကူအညီဖြင့် နယ်သာလန်နိုင်ငံ ပညာရှင်များ ရေးဆွဲထားသည့် Master Plan ၏ တစ်စိတ်တစ်ဒေသကို အကောင်အထည်ဖော်ခြင်းဖြစ်ပြီး ဒေသတွင်းကမ်းပါးပြိုမှုများလျော့ကျစေရန် ယင်း Plan အား အကောင်အထည်ဖော်ရန် လိုအပ်နေကြောင်းသိရသည်။

**ဧယျတု(မကွေး)**

# မြေပြင်ပကတိအခြေအနေနှင့် ကိုက်ညီသော လုပ်ငန်းစဉ်များရရှိအောင် ပူးပေါင်းရေးဆွဲ

**ပဲခူး မတ် ၂၁**
ပဲခူးမြို့ မြို့တော်ခန်းမ၌ မတ် ၂၁ ရက် နံနက် ၈ နာရီခွဲက စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ပူးပေါင်းပြီး ပြည်သူလူထုအတွက် ပိုမိုထိရောက်ကောင်းမွန်သည့် ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းစဉ်များအား ဆွေးနွေးဖော်ထုတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြည်သူအတွက်ပိုမိုထိရောက်ကောင်းမွန်သော သုံးနှစ်တာလုပ်ငန်းစဉ်များကို ရေးဆွဲနိုင်ရေးနှင့် ရေးဆွဲသည့်အခါမှာလည်း မြေပြင်ပကတိလိုအပ်ချက်နှင့် ကိုက်ညီမှုရှိသော လုပ်ငန်းစဉ်များရရှိအောင် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက၊ကျေးလက်ပြည်သူများ၊ မိတ်ဖက် အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရေးဆွဲသွားကြရန် ပြောကြားသည်။ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများနှင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးသိန်းက ပဲခူးတိုင်းဒေသကြီး၏ ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးမှုကဏ္ဍများနှင့်ပတ်သက်၍လည်းကောင်း၊အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးဒေါ်နွယ်နွယ်ဝါကအသက်မွေးဝမ်းကျောင်းသင်တန်းဆိုင်ရာကိစ္စများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနဒုတိုင်းဒေသကြီး ဦးစီးမှူးဦးမြင့်ထွန်းက တိုင်းဒေသကြီး၏ စိုက်ပျိုးရေးဆိုင်ရာ အခြေအနေများကို လည်းကောင်းအသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက တိုင်းဒေသကြီးအတွင်းဆောင်ရွက်နေသည့် ပုဂ္ဂလိကဆိုင်ရာကဏ္ဍများကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတာဝန်ရှိသူတစ်ဦးက တိုင်းဒေသကြီးရှိMEဆိုင်ရာအခွင့်အလမ်းများကိုလည်းကောင်းရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက အဖွဲ့လိုက်စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်း၊ မွေးမြူရေး၊ ငါးလုပ်ငန်း၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကိုဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီးတွင် စုစည်းအားကောင်းသော ချိတ်ဆက်မှုများ၊ အကျိုးသက်ရောက်မှုများ၊ ပြည်သူလူထုဘဝအတွက် အကျိုးဖြစ်ထွန်းမှုများကို ပိုမိုအားကောင်းလာစေရန်အတွက် ရည်ရွယ်၍ ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းစဉ်များ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းဖြစ်ပြီး အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ မိမိတို့တတ်မြောက်ထားသော အတတ်ပညာများဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနိုင်ခြင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ် ကြောင်းသိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## မွေးမြူရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို အားပေးကူညီဆောင်ရွက်

**လွိုင်ကော် မတ် ၂၁**
ကယားပြည်နယ်အတွင်း သားငါးကဏ္ဍများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ရာတွင် မွေးမြူရေးလုပ်ငန်းအစုအဖွဲ့များအနေဖြင့် ညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မွေးမြူသူများအနေဖြင့် အခက်အခဲရှိပါကပွင့်ပွင့်လင်းလင်းတင်ပြစေလိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မွေးမြူရေးလုပ်ငန်းရှင်များ၏လိုအပ်ချက်များ၊ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းပြီး ကယားပြည်နယ်၏ သားငါးထုတ်ကုန်ကဏ္ဍမြင့်မားလာစေရေး အစွမ်းကုန်အားပေးကူညီလျက်ရှိပါကြောင်းဖြင့် ကယားပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှိုက မတ် ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကယားပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသော ကယားပြည်နယ်အတွင်း မွေးမြူရေး လုပ်ငန်းအစုအဖွဲ့များဖြစ်သည့် နွားမွေးမြူရေးအစုအဖွဲ့၊ ဆိတ်မွေးမြူရေးအစုအဖွဲ့၊ ဝက်မွေးမြူရေးအစုအဖွဲ့၊ ကြက်မွေးမြူရေး အစုအဖွဲ့များနှင့်တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော မွေးမြူရေးလုပ်ငန်းအစုအဖွဲ့ဝင်များက မွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေလိုအပ်ချက်များ၊ မြေနေရာအခက်အခဲများ၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ ခါတ်ခွဲခန်း၊ စားကျက်မြေနေရာရရှိရေး၊ ဈေးကွက်ရရှိရေး စသည့်အချက်များအားတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က မွေးမြူရေး လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်မည်ဆိုပါက တစ်ဆင့်ချင်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ မြေနေရာရှာဖွေလျာထားတင်ပြသွားရန်နှင့် ပြည်နယ်အစိုးရအနေဖြင့် ဘတ်ဂျက်ရေးဆွဲပြီး ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ကို သက်ဆိုင်ရာဌာနမှ ပြန်လည်တင်ပြသွားရန်၊ ဌာနများမှလည်း တာဝန်ယူမှု တာဝန်ခံမှုရှိသလို လုပ်ငန်းရှင်များဘက်ကလည်း တာဝန်ယူမှုတာဝန်ခံမှုဖြင့်ပေါင်းစပ်ဆောင်ရွက်ပေးကြရန် လမ်းညွှန်မှာကြားခဲ့ပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် သက်ဆိုင်ရာ ဌာနများ၊ ပြည်နယ်အတွင်းရှိ မွေးမြူရေးအစုအဖွဲ့ လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## စားဖိုဆောင်သီးနှံဆိုင်ရာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ရန်ကုန်တောင်ပိုင်းခရိုင်(သန်လျင်)၌ ကျင်းပ

**သန်လျင် မတ် ၂၁**
စိုက်ပျိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဟင်းသီးဟင်းရွက် သစ်သီးဝလံ စားဖိုဆောင်သီးနှံဆိုင်ရာ စိုက်ပျိုးထုတ်လုပ်သူတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၂၁ ရက် နံနက် ၉ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီဟဒီပအားကစားခန်းမ၌ ကျင်းပသည်။

ခန်းမအတွင်းပြသထားရှိသော စိုက်ပျိုးရေးဆိုင်ရာပြခန်းများအား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးနေလင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းနှင့်တာဝန်ရှိသူများက ပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ဟင်းသီးဟင်းရွက်ပင် ၈၅၀၇ ဧက ဆောင်းရာသီ ဟင်းသီးဟင်းရွက်ပင် ၁၀၉၆၀ ဧက၊ စားဖိုဆောင်သီးပင် ၇၇၇ ဧက၊ စားသုံးပင် ၄၅၃၃ ဧက စိုက်ပျိုးဆောင်ရွက်ထားရှိကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။ **သက်နိုင်(သန်လျင်)**

## သောက်သုံးရေရှားပါးသော ကျေးရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**ဘော်လခဲ မတ် ၂၁**
ကယားပြည်နယ် ဘော်လခဲမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့် နန်းဖဲကျေးရွာအုပ်စု ဘူးခူကျေးရွာသို့ မတ် ၂၁ ရက် နံနက် ၇ နာရီခွဲက ဘော်လခဲခရိုင်ရဲတပ်ဖွဲ့မှ သောက်သုံးရေများသွားရောက်လှူဒါန်းခဲ့ကြောင်းသိရသည်။

ယင်းသို့သွားရောက်လှူဒါန်းရာတွင် ဘော်လခဲခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးစိုးမင်းလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးယာယီရဲမှူးခင်မောင်ဆွေနှင့်ရဲတပ်ဖွဲ့ဝင်များက နွေရာသီသောက်သုံးရေလုံလောက်မှုမရှိသော ဘူးခူကျေးရွာရှိအိမ်ခြေ၃၁အိမ်၊ အိမ်ထောင်စု ၅၁ စုမှ လူဦးရေ ၂၆၀ ကျော်အတွက် မီးသတ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေဂါလန် ၃၂၀၀၊ သောက်ရေသန့်လီတာ၂၀၀၀တို့အား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

**တောင်ဥက္ကလာပ မတ် ၂၁**
တောင်ဥက္ကလာပမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ကျော်ကျော်အောင်နှင့် တောင်ဥက္ကလာပမြို့မရဲစခန်းမှူး ဒုရဲမှူးရွှေဌေးတို့သည် မတ်၂၀ရက် ည ၇ နာရီတွင် တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး ဟောပြောခဲ့သည်။ အဆိုပါဟောပြောပွဲသို့ ဒေသခံပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**ကြေးမုံ**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေပေးအပ်

**ခရမ်း မတ် ၂၁**
ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ခုနှစ် ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာတွင် လမ်းတံတားလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးရေးဦးစီးဌာနရန်ပုံငွေဖြင့် တစ်ရွာလျှင်ကျပ်သိန်း ၁၀၀နှင့် ကျေးရွာလူထုထည့်ဝင်ငွေတို့ဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် သတ်မှတ်ချိန်ကာလအတွင်း ရာခိုင်နှုန်းပြည့် အချိန်မီ ပြီးစီးနိုင်ရေးအတွက် မတ် ၁၉ ရက်တွင် မြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်နှင့်ဝန်ထမ်းများက ကွင်းဆင်း၍ အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **သက်မျိုး**

## လူမှုဖူလုံရေး ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ထုတ်ပေး

**လှိုင်သာယာ မတ် ၂၁**
လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးစားခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်း အခမ်းအနားကို မတ် ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် စက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမား လေးဦးအတွက် ကျန်ရစ်သူ မိသားစုအကျိုးခံစားခွင့် ငွေကျပ် ၁၉၉၈၀၀၀၀ အားလည်းကောင်း၊ အလုပ်ခွင်အတွင်းထိခိုက်ဒဏ်ရာရရှိခဲ့သည့် အာမခံအလုပ်သမားနှစ်ဦးအတွက် အမြဲတမ်း မသန်မစွမ်းမှု အကျိုးခံစားခွင့် ငွေကျပ် ၃၅၈၀၉၂၀နှင့် အာမခံအလုပ်သမား ခြောက်ဦး၏ ဆေးဖိုးကုန်ကျငွေပြန်လည်ထုတ်ပေးခြင်း ငွေကျပ် ၁၄၀၀၄၉၇၄ အား ခွင့်ပြုထုတ်ပေးခဲ့ပြီး အကျိုးခံစားခွင့်ရရှိသူများ၏ ကိုယ်စား Myanmar Best Security မန်နေဂျာဦးစိုးမြင့်က ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ လူမှုဖူလုံရေးအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံအရာရှိ၊ လှိုင်သာယာမြို့နယ် စက်မှုဇုန်ကော်မတီအတွင်းရေးမှူး၊ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ခရိုင်တာဝန်ခံများ၊ မြို့နယ်တာဝန်ခံများ၊ လှိုင်သာယာမြို့နယ်ရှိ အလုပ်ဌာနများမှ အလုပ်ရှင်၊ အလုပ်သမားများ စုစုပေါင်း ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ဇော်**



## အဖွဲ့လိုက်လှုပ်ရှားမှုတွေကို ရပ်နားထားမှာဖြစ်ကြောင်း Fifth Harmony ပြောကြား

ကျော်ကြားတဲ့ အမေရိကန်အမျိုးသမီး ပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Fifth Harmony"ဟာ လတ်တလောမှာတော့ အဖွဲ့လိုက်အနုပညာလှုပ်ရှားမှုတွေနဲ့ တေးသီချင်းသစ်ထုတ်လွှင့်မှုတွေကို ရပ်နားထားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ဒီလိုသတင်းကို ရုတ်တရက် ထုတ်ဖော်ပြောကြားခဲ့တဲ့အပေါ် ပရိသတ်တွေအနေနဲ့ အံ့အားသင့်ခဲ့ရပြီး အဖွဲ့ရဲ့ အမာခံပရိသတ်တစ်ဦးဖြစ်တဲ့ တေးသံရှင် ဆမ်စမစ်သ်ကတော့ ယင်းသတင်းအတွက် အလွန်ကို ဝမ်းနည်းနေတာဖြစ်တယ်လို့လည်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကမ္ဘာကျော်တေးဂီတအဖွဲ့တွေ ဟာ အဖွဲ့လိုက်လှုပ်ရှားမှုတွေကို ခေတ္တရပ်နားထားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားကာ အဖွဲ့ဝင်တွေ တစ်ကိုယ်တော်တေးသံရှင်အဖြစ် ဂီတခရီးဆက်ခဲ့ကြပြီးနောက် အဖွဲ့လိုက်လှုပ်ရှားမှုတွေကို ပြန်လည်လုပ်ဆောင်နိုင်ခြင်း မရှိတော့တာကိုလည်း တွေ့နေရပါတယ်။ ဒီလိုအဖြစ်မျိုးနဲ့ကြုံခဲ့တဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ကတော့ ဗြိတိန်ပေါ့ပ်တေးဂီတအဖွဲ့ "One Direction" ဖြစ်ပြီး "Fifth Harmony"အနေနဲ့လည်း အဖွဲ့လိုက်လှုပ်ရှားမှုတွေကို ခေတ္တရပ်နားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ယင်းတေးဂီတအဖွဲ့လိုမျိုး ပြန်လည်ပေါင်းစည်းနိုင်ခြင်း မရှိမှာကိုလည်း ပရိသတ်တွေက စိုးရိမ်နေကြတာဖြစ်ပါတယ်။

"Fifth Harmony" အနေနဲ့ ယခုလို အဖွဲ့လိုက်လှုပ်ရှားမှုတွေကို ရပ်နားထားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတဲ့ ရည်ရွယ်ချက်ကလည်း အဖွဲ့ဝင်တွေအနေနဲ့ တစ်ကိုယ်တော်တေးဂီတလှုပ်ရှားမှုတွေပေါ် မှာသာ အာရုံစိုက်လိုတာကြောင့်ဖြစ်ကြောင်းလည်း တစ်ပါတည်း ထုတ်ဖော်လာတာပါ။ ပြီးခဲ့တဲ့ မတ် ၁၉ ရက်မှာတော့ အဖွဲ့ရဲ့ တရားဝင်လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ် မှာ အဖွဲ့ဝင်တွေက အနာဂတ်အစီအစဉ်နဲ့ပတ်သက်ပြီး ရေးသားဖော်ပြချက်တွေအရ အဖွဲ့ဝင်တွေက ခြောက်နှစ်တာကာလကို အတူတကွကြိုးစားဖြတ်သန်းခဲ့ကြပြီးနောက် တစ်ဦးစီရဲ့ ကိုယ်ပိုင်အရည်အချင်းတွေကို ထုတ်ဖော်ပြသဖို့ရာ တစ်ကိုယ်တော် တေးသံရှင်တွေအဖြစ် ဆက်လက်ရှင်သန်လိုတာကြောင့် အဖွဲ့လိုက် တေးဂီတလှုပ်ရှားမှုတွေကို ခေတ္တရပ်နားသွားလိုတာဖြစ်ကြောင်း ဖော်ပြခဲ့တာဖြစ်ပါတယ်။

အဖွဲ့ဝင်ငါးဦးနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ "Fifth Harmony"မှ ပထမဆုံးနှုတ်ဆက်ကာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ဆက်လက်လျှောက်လှမ်းခဲ့သူကတော့ ကျူးဘားသူတစ်ဦးဖြစ်တဲ့ ကမ်မီလာကပ်ဘဲလို ဖြစ်ပါတယ်။ ကမ်မီလာဟာ ပြီးခဲ့တဲ့ ၂၀၁၆ နှစ်ကုန်ပိုင်းမှာ အဖွဲ့ကနေ နုတ်ထွက်ကြောင်း ကြေညာခဲ့ပြီး လက်ရှိမှာတော့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် အောင်မြင်နေပြီဖြစ်ပါတယ်။ ကမ်မီလာကပ်ဘဲလိုရဲ့ တစ်ကိုယ်တော် တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Havana" ကတော့ ကမ္ဘာတစ်ဝန်း အလွန်ကျော်ကြားတဲ့ တေးသီချင်းတစ်ပုဒ် ဖြစ်ခဲ့ပါတယ်။ ကမ်မီလာအနေနဲ့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်ခဲ့ပြီး တစ်နှစ်ကျော်အကြာမှာတော့ အခြားသော အဖွဲ့ဝင်တွေက တစ်ကိုယ်တော် တေးသံရှင်အဖြစ် လျှောက်လှမ်းဖို့ စတင်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ **ခင်ခင်သက်**

# Happy Birthday

## မိုးပြည့်စုံဟိန်း(ခ)စုံစုံ

ဘိုးဘိုးကြီး မုံရွာဆရာမိုး၏ တတိယမြောက် မြေးရတနာဖြစ်သော မောင်မိုးပြည့်စုံဟိန်း(Primary prepartory, TOTAL Learning Academy)၏ ခြောက်နှစ်မြောက်မွေးနေ့မှသည် အသက်ရာကျော်သည့်တိုင် သားလေးချစ်သော ဘိုးဘိုး၊ ဖေဖေ၊ မေမေ၊ ကိုကိုတို့နှင့်အတူ အမျိုးဘာသာ၊ သာသနာ အကျိုး သယ်ပိုးဆောင်ရွက်နိုင်ပြီး မိဘကျေးဇူး အထူးသိတတ်သော သားကောင်းရတနာလေး ဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

**ဘိုးဘိုးကြီး** - မုံရွာဆရာမိုး(တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
**ဖေဖေ** - ဗိုလ်မှူးကျော်ကိုကိုရှိန်း
**မေမေ** - ဒေါ်မိုးပြည့်ပြည့်ဖြိုး
**ကိုကိုကြီး** - မောင်ကျော်ကျော်ကိုကိုရှိန်း (Primary 2, Virtuoso, TOTAL Learning Academy)
**ကိုကိုလေး** - မောင်သုဝေယံရှိန်း(Primary 2, Virtuoso, TOTAL Learning Academy)
**မမ** - ဂျူးဂျူးခင်(ဒသမတန်း-အမေ့အိမ်ကိုယ်ပိုင်အထက်တန်းကျောင်း)

မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု

---

**မွေးပုံ့ရွှေလမ်း**

မန္တလေး ပေပြိုး စစ်ကိုင်း မုံရွာ

Mar-23,30

09 261222294, 09 261222295

---

**ကိုညာဏ် KO NYAN**

Car Rental & Travel Service

ဘုရားဖူးခရီးစဉ် အမျိုးမျိုးနှင့် လချုပ်အတွက် Model မြင့်ကားသစ် မျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

09-5078440, 01-551649, 01-209183

---

**ဟိန်း** 01.2330054, 095160048, 09-782470755

ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။

www.heincarrental.com

---

**U ZAY Car Rental**

ခရီးသွားကားစင်းလုံးငှားလုပ်ငန်း

09 42 111 6256

09 77 527 6011


### ကျောက်တံတားမြို့နယ်တွင်းရှိ ခါတော်မီ ရောင်းဝယ်ရေးသမဝါယမအသင်း သားများသိရှိရန် အထူးကြေညာအသိပေးခြင်း

နှစ်စဉ်အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးများသို့ တက်ရောက်နိုင်ခြင်း မရှိသော အသင်းသားများ (သို့မဟုတ်) ဤမြို့နယ်အတွင်းမှ ပြောင်းရွှေ့သွားသူများ၊ အသင်းနှင့် ကင်းကွာလျက်ရှိပါသဖြင့် အသင်းသားစာရင်း တိကျမှန်ကန်ရေးနှင့် နှစ်ပတ်လည်အစည်းအဝေး အခက်အခဲ ဖြစ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အသင်းသားအဖြစ် ဆက်လက်ပါဝင်လိုပါက နေရပ်လိပ်စာပေးပို့၍ အသင်းနှင့် ဆက်သွယ်ပါရန် ပါဝင်လိုခြင်းမရှိပါက ထုတ်ပေးထားသော အစုလက်မှတ်မူရင်းတင်ပြ၍ အစုငွေကို ကိုယ်တိုင်ဖြစ်စေ၊ မိသားစုဝင်တစ်ဦးအား ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ပြန်လည်ထုတ်ယူပါရန်။

သတ်မှတ်ကာလ - ၂၀-၃-၂၀၁၈ မှ ၂၈-၃-၂၀၁၈ထိ

လိပ်စာပေးပို့ရန် - အမှတ်(၁၂၃)၊ အခန်း-၁၀၊ မြေညီထပ်၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ သမဝါယမအသင်းစု
ဖုန်း-၀၉-၃၁၁၂၅၁၃၄

**အမှုဆောင်အဖွဲ့**





TAN CHONG MOTOR (MYANMAR) CO., LTD.

Yangon
E-Garage Auto Services & Spare Parts (Myanmar) Co., Ltd.
Mandalay
Pacific Alliance Motor Co., Ltd
Sagaing
Shwe Sagaing Motor Services Co., Ltd

---

မြန်မာပြည်တွင် လာရောက် ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီတွင် ခန့်အပ်မည့်

**လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း - ကျား (၅၅) ဦး**

- ပညာအရည်အချင်းမလို၊ အမှန်တကယ် လျှပ်စစ်ပိုင်းနှင့်ပတ်သက်ပြီး ကျွမ်းကျင်ရမည်။
- လျှပ်စစ်ပိုင်းနှင့်ပတ်သက်ပြီး လုပ်ငန်းအတွေ့အကြုံ (၂) နှစ်ရှိရမည်။
- သီလဝါစက်မှုဇုန်တွင် လုပ်ကိုင်နိုင်ရမည်။
- Installation in Cable, Cable Tray, Steel Pipe, Support Fabrication, Cable Termination Work ပိုင်း နားလည်တတ်ကျွမ်းရမည်။ အသက် ၂၀မှ၃၅နှစ် အတွင်းဖြစ်ရမည်။
- လစာ - ၃၀၀,၀၀၀ကျပ်

များပြားသော အလုပ်အကိုင်အခွင့်အလမ်းများ ⟹ VAC Jobsearch

VAC VALUE ADDED CONSULTANCY

No. 118, 6th Floor, 23rd Street, Latha Township, Yangon
Ph: 01-396936, 09-5102094, 09-73022727
E-mail: cv@vacjobsearch.com

---

**မဟာရန်ကုန်**

**အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း**

အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းများကို ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ မြို့တွင်း / နယ်ပေး ဝန်ဆောင်မှုပေးပါသည်။

Ph: 09-444811126, 09-444811127, 09-73032439


**ဖောင်းကြွပျောက်**

**လျှောက်ထားခြင်း**

ယာဉ်အမှတ် 6J/1193 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**


**ကိုမောင်ဇော် + မနီ (အိမ်ခြံမြေ ရောင်း/ဝယ်ရေး)**

ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း) မြေကွက်များ ဝယ်လိုသည်။

**အိမ်အရောက်ငွေချေပေးပါသည်။ ပွဲခပေးရန်မလိုပါ။**

၀၉၄၀၀၅၀၀၈၃၄၊ ၀၉ ၄၅၀၄၅၀၈၃၄

---

# ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်အထူးဇုန်(၁)၊ မွေးမြူရေး(၁၀)ဧက၊ ညှိနှိုင်းဈေး။

**ဆက်သွယ်ရန်**
**(ရုံးချိန်အတွင်း)**
**ဖုန်း-၀၉-၂၆၂၈၆၂၅၉၉**



**ရန်ကုန်မြို့၊ အမှတ်(၈၅၈)၊ ရွှေနှင်းဆီ(၁)လမ်း၊ ၄၉/မဒဂုံ၊ ပေ(၂၅×၆၀) အိမ်+ခြံ+မြေကို အပြီးအပိုင်ဝယ်ယူမည် ဖြစ်ပါသောကြောင့် သက်ဆိုင်သူများ ကန့်ကွက်နိုင်ပါသည်**

အထက်ပါမြေကွက်အား ကျွန်မ မဖြူမာဝင်း[၁၂/လမန(နိုင်)၁၄၃၅၈၅] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ၁၆-၃-၂၀၁၈ရက်တွင် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း သက်ဆိုင်သည့် စာချုပ်စာတမ်းနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မဖြူမာဝင်း**
**အမှတ်(၅)၊ A5B5၊ သုခလမ်း၊ လှိုင်မြို့နယ်**

### ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်း အသိပေးကြေညာခြင်း





... Letter Head ... Class 1,5,24,31 ...

မြန်မာပြည်၏ အကောင်းဆုံးကွန်ဒိုတစ်ခုဖြစ်တဲ့


SKYSUITES ကွန်ဒိုအရောင်းပြပွဲ

Starting from USD 207 ပြပွဲ (၂)ရက် အတွင်းသာ

ရာသက်ပန် ပိုင်ဆိုင်နိုင်မည့် မြေအချိုးအစား
ရွှေတိဂုံဘုရားနှင့် အင်းယားကန်ကို ထင်ရှားစွာမြင်ရသည့် View
ကားပါကင် အဆင်ပြေဆုံး နှင့် ကားအဝင်အထွက် အဆင်ပြေဆုံး။
Downpayment ပေးရန်မလိုသည့် ငွေချေစနစ်များ
ဘဏ်နှင့် (၁၀)နှစ် အရစ်ကျ ပေးချေမှုစနစ်များ စီစဉ်ထားပေးပါသည်။

75%
ဆောက်လုပ်ပြီးစီး
နေပါပြီ။







အဆင့်အတန်းအမြင့်ဆုံး ကွန်ဒိုအခန်းကို မိသားစုအတွက် ရင်းနှီးမြှုပ်နှံလိုသူများ
ဈေးကွက်ရှိ ကွန်ဒိုများကိုလေ့လာပါ၊ SKYSUITES ကိုလာကြည့်ရောက်လေ့လာပါ၊
သဘောကျ တန်မှ ဝယ်ပါ။

Q HOME

Hotline : +959 252 80 8200
+959 252 80 8300

နေရာ – (SKYSUITES Project ကျင်းပ)
နေ့ရက် – ၂၃၊ ၂၄ မတ်လ ၂၀၁၈
အချိန် – နံနက် (၁၀) နာရီမှ ည (၉) နာရီအထိ

# မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုးရေး ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## ရော်ဘာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် လိုအပ်သည့် အားပေးကူညီမှုများနှင့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၁**

ရေရှည်တည်တံ့သော ရော်ဘာတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ (Myanmar Rubber Forum-2018) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်မက်(စ်)၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

နှီးနှောဖလှယ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

## မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်


**နေပြည်တော် မတ် ၂၁**

၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို မတ် ၂၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ Myanmar Event Park ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ ညနေ ၃ နာရီမှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား(MRTV)နှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင် ဆက်သွယ်ထားသည့် စိုင်းဒင်တံတားအပါအဝင် တံတားငါးစင်း မတ်လကုန်တွင်ဖွင့်မည်



စိုင်းဒင်တံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

**ဘူးသီးတောင် မတ် ၂၁**

ရခိုင်ပြည်နယ် မောင်တောဒေသ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်မြို့နယ်တို့ကို ဆက်သွယ်ထားသည့် စိုင်းဒင်ချောင်းပေါ်၌ တည်ဆောက်ထားသည့် စိုင်းဒင်တံတား၊ ရွာဟောင်းချောင်းပေါ်၌ တည်ဆောက်ထားသည့် ရွာဟောင်းတံတား၊ ငစံပေါ်တံတားနှင့် သောင်းဒရားချောင်းပေါ်၌ တည်ဆောက်ထားသည့် သောင်းဒရားတံတားနှင့် ရသေ့တောင်မြို့နယ်၌ ရသေ့တောင်တံတားတို့ကို မတ် ၃၁ ရက်တွင် တစ်ပြိုင်တည်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီတံတားက စိုင်းဒင်ချောင်းပေါ်မှာ တည်ဆောက်ထားတဲ့ တံတားဖြစ်ပါတယ်၊ တည်နေရာက ဘူးသီးတောင်မြို့နယ်နဲ့ ခုနစ်မိုင်အကွာအဝေးမှာ တည်ရှိပါတယ်၊ ဒီတံတားရဲ့အရှည်ကတော့ ပေ ၆၀၀ ဖြစ်ပါတယ်၊ အမျိုးအစားကတော့ Steel Plate Girder+ သံကူကွန်ကရစ်တံတား ဖြစ်ပါတယ်၊ စတင်တည်ဆောက်ခဲ့တာက

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမှန်"
ဂုဏ်ထူး ဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KGမှ တက္ကသိုလ်ဝင်တန်းအထိ)
ရွှေပင်နားမှ ရွှေကျေး
■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင်ပါသည်။
■ ကြိုတင် အပ်နှံမှသာ တစ်နေရာစာ မှချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်း အထိ)
■ ဂုဏ်ထူးများရဲ့၊ ရမှတ်များရဲ့သာမက နိုင်ငံသားကောင်းဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
■ စခန်းသွင်း ဘော်ဒါ၊ နေ့တက် ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ) တစ်ခုတွင် သင်ယူနိုင်သည်။
ဧပြီ ၃၀ ရက် ဖွင့်မြီ
ပညာရေး အဆင့်မြင့် စခန်းသွင်း ဘော်ဒါနှင့် နေ့တက် ဘော်ဒါ
ကျောင်းလိပ်စာ
မြေအမှတ် ၂၀(A)+၂၀(B)၊ ဝေဇယန္တာလမ်းမကြီး၊ ဌက္ခိဏ်တံအိမ်ရာ၊ (ORANGE SUPER MART ညာဝက်) သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင်
M.Sc(Final)
◆ ဒီကျောင်းကိုမှ တကူးတကန့် ရွေးတက်ကြတာ ဒီဆရာတွေ အပြောင်းအလဲ မရှိ နှစ်စ နှစ်ဆုံး သင်နေကြလို့ပါပဲ။
အတု မရှိ၊ အတူမရှိ ပညာရေးအင်အား
• ဂုဏ်ထူး ဦးသိန်းနိုင်
• ဆရာ နေအုပ်(စိန်ပေါလ်)
• ဂုဏ်ထူး ဦးအောင်ခိုင်
• ဒေါက်တာ ညီညီ(Ph.D)
• ပါမောက္ခ ဒေါက်တာထွန်းခင်
• ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
• ဆရာ ဇော်လင်းအောင်
• ဒေါက်တာ ဝီဝ (Dr. ညီညီနိုင်)
• စိုင်းစိန်မြင့်အောင်
အထူးသတင်း...
ဝေဇယန္တာ လမ်းမကြီးတလျှောက် Air-Con YBS(၉၃)ကားကြီးတွေ ပြေးဆွဲနေပြီ။ သတင်းထူးပါပဲ။ အစစ အလွန် အဆင်ပြေလှပါတယ်။
နေ့တက် ဘော်ဒါကျောင်းသား လူဦးရေ ကန့်သတ် ထားသည်၊ လူပြည့်တော့မည်။
အမြန် အလိုရှိသည်။
တစ်ဘာသာခြင်း ထူးချွန်သော ဝါရင့် GUIDE များနှင့် အမျိုးသား အဆောင်မှူး ဆရာများ အမြန် အလိုရှိသည်။